# ပြည်သူချစ်သော
# ကာကွယ်ရေးဦးစီးချုပ်ဟောင်း
# သူရဦးတင်ဦး

ဗိုးစိုး(ဂျာနယ်လစ်)
ရေးသားပြုစုသည်

NLD ဗဟိုနာယက



# ကန်တော့ပန်း

အနန္တော၊ အနန္တငါးပါးကို အမှူးထားပူဇော်ကန်တော့၍
ကျွန်တော်၏ ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သည့်
ဖခင်ဦးတင်ဝင်း(ကိုကိုးကျွန်းပြွန်)နှင့်
မိခင်ဒေါ်မြင့်ဆွေ (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၊
ကျွန်တော့်အား ဂျာနယ်လစ်အတက်ပညာများ
သင်ကြားပေးခဲ့သည့် Mr. Doug Cosper, Ms. Sally Cooper
ဆရာဦးမြတ်ခိုင်၊ ဆရာJackအောင်နှင့် သင်ဆရာ၊
မြင်ဆရာ၊ ကြားဆရာများကို ကျွန်တော် ရေးသားပြုစုသည့်
သူရဦးတင်ဦး၏ ဘဝဖြတ်သန်းမှု ပုံရိပ်များ
(ပြည်သူချစ်သောကာကွယ်ရေးဦးစီးချုပ်ဟောင်း) စာအုပ်ငယ်နှင့်
လက်ဆယ်ဖြာယှက်မိုး၊ ရိုကျိုးစွာ ဦးညွှတ်ကန်တော့ပါသည်။

* * *

# ကျေးဇူးတင်လွှာ

(RFA) သတင်းဌာနမှ ဆရာဦးခင်မောင်စိုး စီစဉ်တာတင်ဆက်သော
ပြည်သူ့ဘက်က ဗိုလ်ချုပ်ကြီး ခေါင်းစဉ်ဖြင့် သူရဦးတင်ဦး၏
ဘဝအတွေ့အကြုံများ (သို့မဟုတ်) တပ်မတော်သား တစ်ယောက်၏
ဘဝဖြတ်သန်းမှုများကို ယခုစာအုပ်တွင် ဖော်ပြခွင့်ပေးသည့် အတွက် (RFA)
သတင်းဌာနနှင့် ဆရာဦးခင်မောင်စိုးအား လည်းကောင်း ...
(VOA) သတင်းဌာနမှ ဆရာဦးရော်နီညိမ်း စီစဉ်တင်ဆက်သော
တပ်မှူးတပ်သား ပြောစကား ခေါင်းစဉ်ဖြင့် သူရဦးတင်ဦး၏
တပ်မှူးတပ်သားပြောစကားများကို ယခုစာအုပ်တွင်
ဖော်ပြခွင့်ပေးသည့်အတွက် (VOA) သတင်းဌာနနှင့် ဆရာဦးရော်နီညိမ်းအား
လည်းကောင်း ...
ကိုယ်တိုင်ရေးဆောင်းပါးကို ဖော်ပြခွင့်ပေးသည့် မိတ္ထီလာမြို့နယ်မှ
ပြည်သူ့လွှတ်တော်ကိုယ် စားလှယ် အန်ကယ်ဦးဝင်းထိန်းအားလည်းကောင်း
ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြ အပ်ပါသည်။

**ဖိုးစိုင်း (ဂျာနယ်လစ်)**

*

ဓာတ်ပုံကဏ္ဍ




၁။ သူရဦးတင်ဦးငယ်စဉ်က ပုသိမ်အမျိုးသားအထက်တန်းကျောင်းရှိ ပင်နီလူငယ်ကျောင်းသားတပ်ဖွဲ့တွင် ပါဝင်ခဲ့စဉ်။



၂။ ၁၉၄၁ ခုနှစ် ပုသိမ်ဗဟိုအမျိုးသားအထက်တန်းကျောင်း ကြီးပွားရေးအသင်းအမှုဆောင်အဖွဲ့ဝင်များ
နောက်တန်း(လက်ဝဲ)အစွန်ဆုံးတွင်ရပ်နေသူမှာသူရဦးတင်ဦးဖြစ်သည်။



၃။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဗမာ့သေနတ်ကိုင်တပ်ရင်း(၁) တွင်ဒုဗိုလ်ဘဝ၊ အသက်(၂၀)




၄။ ၁၉၅၂ ခုနှစ်၊ ဧပြီ/မေလ၊ သနက(၁) တပ်ရင်းမှူးဘဝ၊ အသက်(၂၅) နှစ်



၅။ ၁၉၅၂ ခုနှစ်၊ သနက(၁) တပ်ရင်း၊ ဘောလုံးအသင်းတိုင်းတံခွန်စိုက်ဖလား၊ ဒိုင်းရစဉ်



၆။ ၁၉၅၅ ခုနှစ်၊ ထိုင်း၊
မြန်မာနယ်စပ်နိုင်းဆက်ဒေသ၊
ကျိုင်းတုံခရိုင်အတွင်းသို့
ဝင်ရောက်ကျူးကျော်သူ
တရုတ်ဖြူ(ကူမင်တန်)
စစ်တပ်အားချေမှုန်းအောင်မြင်သည့်
လွယ်တုန်ကြီးတိုက်ပွဲအပြီးတွင်
ရိုက်ကူးထားသည့်ပုံ
(ဝဲ မှ ယာ)
ဒုတိယဗိုလ်မှူးကြီးတင်ဦး၊
တိုင်းစစ်ဌာနချုပ်၊
မြောက်ပိုင်းတိုင်းစစ်ဆင်ရေးမှူး
ဗိုလ်မှူးချုပ်ကျော်ဇော၊
ဗိုလ်မှူးကြီးသန်းစိန်၊
ဒုတိယဗိုလ်မှူးကြီးချစ်နိုင်



၇။ ၁၉၅၈ ခုနှစ် ဇွန်လ ၅ ရက်နေ့ တောင်ကြီးမြို့၊ ပအိုဝ်အလင်းဝင်အခမ်းအနား ကာကွယ်ရေးဝန်ကြီးဦးဗဆွေနှင့် ရှမ်းပြည်နယ်ဥက္ကဋ္ဌစဝ်ခွန်ချိုတို့ အလေးပြုခံနေပုံ။



၈(က)။ ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သူရဦးတင်ဦးနှင့်ဇနီးဖြစ်သူဒေါက်တာတင်မိုးဝေတို့ မင်္ဂလာမောင်နှံ၏
ရန်ကုန်မြို့ စထရင်းဟိုတယ်၌ကျင်းပသော မင်္ဂလာအခမ်းအနား



၈(ခ)။ ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သူရဦးတင်ဦးနှင့်ဇနီးဖြစ်သူဒေါက်တာတင်မိုးဝေတို့ မင်္ဂလာဆောင်နှံ ရန်ကုန်မြို့ စထရင်းဟိုတယ်၌ထိမ်းမြားလက်ထပ်စဉ်



၉။ ၁၉၆၀-၁၉၆၁ ခုနှစ် တပ်မ(၁၃)တပ်မဟာမှူးဘဝ သားကြီးဖြစ်သူ
မောင်သန့်ဇင်ဦးမွေးဖွားပြီး ပြည်မြို့ မင်းကြီးတောင်ပေါ်၌ မိသားစုအမှတ်တရ



၁၀။ ၁၉၆၃ ခုနှစ် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဖြစ်စရိုက်ကူးထားသည့်ပုံ



၁၁။ ၁၉၆၄-၁၉၆၇ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဘဝတွင် ပေါက်ခေါင်းအရှေ့မြောက်ဘက် တောင်ကြောတစ်နေရာ၌ တပ်ရင်းလိုက်တိုက်ခိုက်ရေးမွမ်းမံသင်တန်းတွင် စစ်မြေပြင်အင်ဂျင်နီယာ လက်တွေ့လုပ်ငန်းများကိုသရုပ်ပြစဉ်



၁၂(က)။ ၁၉၆၄ ခုနှစ် စက်တင်ဘာလ တော်လှန်ရေးကောင်စီဝင်အဖြစ်တရုတ်ပြည်သူ့သမ္မတနိုင်ငံ(၁၅) နှစ်ပြည့်ပွဲသို့ဖိတ်ကြားခံရပြီး တရုတ်-မြန်မာအစိုးရအဖွဲ့ဝင်များနှင့် အတူတွေ့ရစဉ်။ ပထမတန်း(ဝဲမှယာ) ဗိုလ်ချုပ်ကြီးလျူဟန်ရှိန်၊ ဗိုလ်မှူးကြီးသိန်းဟန်၊ ဒုတိယဝန်ကြီးချုပ်ချင်ယီ၊ အဖွဲ့ခေါင်းဆောင်ဗိုလ်မှူးကြီးတင်ဦး၊ ဝန်ကြီးချုပ်ချူအင်လိုင်း၊ မြန်မာသံအမတ်ကြီးဦးမောင်မောင်ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးယန်ချန်ဝူး

ဒုတိယတန်း(ဝဲမှယာ)- တရုတ်ပြည်ဆိုင်ရာမြန်မာစစ်သံမှူးဗိုလ်မှူးကြီးမောင်ကြည်၊ ဗိုလ်မှူးကြီးချစ်ကိုကို(ရေ)၊ စစ်သံအဖွဲ့ခေါင်းဆောင်တရုတ်ဗိုလ်ချုပ်ကြီး (အမည်မသိ)၊ ဦးထွန်းတင်၊ ဗိုလ်မှူးကြီးကျော်စော၊ ဗိုလ်မှူးကြီးစောမြ၊ ဗိုလ်မှူးကြီးကိုကိုကြီး၊ နိုင်ငံခြားရေးရုံးအတွင်းအရာရှိ

နောက်ဆုံးတန်း(ဝဲမှယာ)- တရုတ်ပြည်ဆိုင်ရာရုံးအဖွဲ့၊ ဦးခင်စော်၊ ဦးခင်မောင်လတ်၊ တရုတ်လုံခြုံရေးအရာရှိ၊ ကိုယ်ရေးအရာရှိဗိုလ်ကြီးစိုးမြင့်



၁၂(ခ)။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှထိပ်တန်းခေါင်းဆောင်များနှင့်တွေ့ရစဉ်။ ပထမတန်း(ဝဲမှယာ)- ဗိုလ်မှူးကြီးသိန်းဟန်၊တရုတ်ပြည်သူ့သမ္မတပါတီ
ဒုဥက္ကဋ္ဌလျူရှောက်ချီ၊ မြန်မာအဖွဲ့ခေါင်းဆောင်စစ်ဦးစီး ဗိုလ်မှူးကြီးတင်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖွဲ့ခေါင်းဆောင်ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီးမော်စီတုန်း၊
တရုတ်ပြည်ဆိုင်ရာမြန်မာသံအမတ်ကြီးဦးမောင်မောင်ကျော်ဝင်း၊ မဒန်ဆွန်ချိုလင်း၊ တန်ပေဝူး၊ တရုတ်စစ်သေနာပတိချုပ်မာရှယ်ချူတေး
ဒုတိယတန်း(ဝဲမှယာ)- ဟန်ညဲလုံ၊ ကန်ရှိန်း၊ ပီကင်းမြို့တော်ဝန်ပင်ချိုဝူး၊ ဗိုလ်မှူးကြီးချစ်ကိုကို(ရေ)၊ ဗိုလ်မှူးကြီးစောမြူ(လေ)၊ တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်း၊
တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ချင်ယီ၊ ဟိုလန်၊ တင်ရှောက်ပင်
နောက်ဆုံးတန်း- ဗိုလ်မှူးကြီးကျော်စော၊ ဦးခင်စော်၊ ဗိုလ်မှူးကြီးကိုကိုကြီး၊ ဦးထွန်းတင်၊ ဗိုလ်ကြီးစိုးမြင့် (ကိုယ်ရေးအရာရှိ)၊ ဦးခင်မောင်လတ်



၁၃။ ၁၉၆၆ ခုနှစ် အမေရိကန်သမ္မတဇွန်ဆင်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခံနေသော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဒေါ်ခင်မေသန်း (နောက်တွင်တွေ့ရသူမှာ သူရဦးတင်ဦး ငယ်စဉ်ကပုံ ဖြစ်သည်)



၁၄။ ၁၉၇၄-၁၉၇၅
ခုနှစ် ရှမ်းပြည်နယ်
ကွမ်းလုံမြို့နယ်
ရှိဗကပများအား
ထိုးစစ်ဆင်တိုက်ပွဲရှိ
တပ်မှူးကြီးငယ်များ
နှင့်သွားရောက်
စစ်ဆေးတွေ့ရှိစဉ်



၁၅။ ၁၉၇၄-၁၉၇၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ဘဝ ဗိုလ်သင်တန်းကျောင်းဆင်းပွဲကိုတက်ရောက်၍ ကျောင်းဆင်းဗိုလ်များအားစစ်ဆေးနေစဉ်



၁၆။ ဗိုလ်သင်တန်းကျောင်းဆင်းပွဲတစ်ခု၌ ညစာစားပွဲတွင်တွေ့ရစဉ်



၁၇။(က)  ကာကွယ်ရေးဦးစီးချုပ်  ဗိုလ်ချုပ်ကြီးသူရဦးတင်ဦးမိန့်ခွန်းပြောနေစဥ်



၁၇။(ခ) ဂျပန်သတင်းထောက်တစ်ဦး အမှတ်တရရိုက်ပေးခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်ကြီးသူရဦးတင်ဦး



၁၈။ ၁၉၇၆ ခုနှစ် မတ်လဆန်းတွင်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးတာဝန်များမှ အနားယူပြီး နောက်တစ်နေ့တွင် သူရဦးတင်ဦး၏နေအိမ်၌ တာဝန်ထမ်းဆောင်နေသည့်စစ်သည်များနှင့် ကာကွယ်ရေးဦးစီးချုပ်ယူနီဖောင်းဝတ်ကာ အမှတ်တရ နောက်ဆုံးရိုက်ကူးထားသည့်ပုံဖြစ်သည်။





သတင်းစာမှပုံကြီး

၁၉။ ၁၉၇၆ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ထုတ်ကြေးမုံသတင်းစာ၌ နိုင်ငံတော်လုပ်ကြံမှုတွင်သတင်းထိမ်ချန်သူ ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးဟုဖော်ပြခံရသောသတင်း



၂၀(က)။ ၁၉၈၁ ခုနှစ် ရဟန်းဝါ(၁) ဝါရပြီးနောက် သူရဦးတင်ဦးကိုရင်ဘဝတွင်နေခဲ့သော ရေကျော်ကြီး သရက်ကွင်းကျေးရွာတွင် ငယ်သူငယ်ချင်းမိတ်ဆွေများနှင့် ပညာသင်ကြားခဲ့သည့်ကျောင်း၌တွေ့ရစဉ်



၂၀(ခ)။ ကာကွယ်ရေးဦးစီးချုပ်ဟောင်းဗိုလ်ချုပ်ကြီးသူရဦးတင်ဦး
ရဟန်းဘဝ၌တရားအားထုတ်လျက်ရှိနေစဉ်




၂၁။ ၁၉၈၈ ခုနှစ် လူထုအရေးအခင်းတွင် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့၏ ဒုတိယဥက္ကဋ္ဌတာဝန်ယူထားပြီး ရန်ကုန်မြို့တွင်ဆန္ဒပြသူများအား သွားရောက် အားပေး နှုတ်ဆက်ခြင်းဖြစ်ပြီး၊ ပုံတွင်တွေ့ရသည်မှာ ၈၈၈၈ လူထုအရေးအခင်းပြင်းထန်စွာ ဖြစ်ပွားနေချိန် တောင်ဥက္ကလာပမြို့၌ဟောပြောနေခြင်းဖြစ်သည်



၂၂။ ၁၉၈၈ ခုနှစ် လူထုအရေးအခင်းပြင်းထန်စွာဖြစ်ပွားနေချိန် ပြည်လမ်းရှိ အမေရိကန်သံအမတ်ကြီး မစ္စတာလေဗင်၏ နေအိမ်သို့သွားရောက်တွေ့ဆုံခဲ့စဉ်



၂၃။ ၁၉၈၈ ခုနှစ် လူထုအရေးအခင်းပြင်းထန်စွာဖြစ်ပွားနေချိန် ဦးအောင်ကြီး ထောင်မှလွတ်စ ဂါးဒီးယန်းဦးစိန်ဝင်းအိမ်တွင် ဒီမိုကရေစီရေး အောင်မြင်ရမည်ကြေညာချက်ကို လက်မှတ်ထိုးရန်ရောက်ရှိနေစဉ်(ဝဲမှယာ)ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦး။ အဆိုပါကြေညာချက်ကို အောင်၊ စု၊ တင် ကြေညာချက်ဟု ခေါ်တွင်ခဲ့သည်။



၂၄။ ၁၉၈၈-၁၉၈၉ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအဖြစ် ဖွဲ့စည်းပြီးနောက် ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးတင်ဦးအား အတူတွေ့ရစဉ်




၂၅။ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၃ ရက်နေ့တွင် ဦးနု၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦး တို့အားနိုင်ငံရေး အခမ်းအနားတစ်ခု တွင်တွေ့ရစဉ်




၂၆။ ၁၉၈၈-၁၉၈၉ ခုနှစ် Asia Week မဂ္ဂဇင်း၏ အောင်၊ စု၊ တင် မျက်နှာဖုံးသရုပ်ဖော်ပုံ



၂၇။ ၁၉၈၈ ခုနှစ် အဖွဲ့ချုပ်ပါတီစည်းရုံးရေးနှင့် ရုံးခန်းဖွင့်ပွဲအား ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဖွင့်လှစ်ပေးနေစဉ်



၂၈။ ၁၉၉၅ ခုနှစ် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၄)၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့သို့ရောက်ရှိလာသည့် ဧည့်ပရိသတ်များထဲမှ ချစ်စဖွယ်ကလေးငယ်တစ်ဦးနှင့် သူရဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးကြည်မောင်တို့အားတွေ့ရစဉ်



ဓာတ်ပုံ - ဦးသန်းထွန်း

၂၉။ ၁၉၉၅ ခုနှစ် သူရဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ရန်ကုန်မှတွံတေးသို့ ပါတီစည်းရုံးရေးခရီး ထွက်ခွာစဉ်



၃၀။ ၁၉၉၅ ခုနှစ် သူရဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးကြည်မောင်တို့က ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ရှေ့သို့ လာရောက်ကြသည့် ဧည့်ပရိသတ်များနှင့်တွေ့ဆုံနေသောပုံ



၃၁။ ၂၀၀၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ်ဘဝကနေထိုင်ခဲ့သည့် နတ်မောက်မြို့နယ်ရှိ
နေအိမ်တွင်ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အမှတ်တရမှတ်တမ်းဓာတ်ပုံ



# နှစ် ၅၀ မြောက် ရွှေရတုမင်္ဂလာ

သူရ ဦးတင်ဦးနှင့် ဒေါက်တာ ဒေါ်တင်မိုးဝေတို့၏
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်
ကျရောက်သော
နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာမှသည်
နောင်နှစ်ပေါင်းများစွာတိုင်
တိုင်းပြည်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုး၊
အမျိုး ဘာသာ၊ သာသနာအကျိုး
ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေ . . .

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်

နေရာ - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုရုံးချုပ်)
အချိန် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
နေ့ရက် - [illegible]-၁၁-၀၉ ([illegible])

ဓာတ်ပုံ - NLD [illegible]

၃၂။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျရောက်သည့် ကာကွယ်ရေးဦးစီးချုပ်ဟောင်းဗိုလ်ချုပ်ကြီး သူရဦးတင်ဦးနှင့်ဇနီးဒေါ်တင်မိုးဝေတို့၏ နှစ်(၅၀) ပြည့်ရွှေရတုမင်္ဂလာဖိတ်စာ



၃၃။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့ အမေရိကန်သမ္မတဘားရက်အိုဘားမား မြန်မာနိုင်ငံသို့ရောက်ရှိစဉ်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ရင်းရင်းနှီးနှီးတွေ့ဆုံ



၃၄။ ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းလွှတ်တော်တွင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်မှ သူရဦးတင်ဦးအားတွေ့ဆုံစဉ်




၃၅။ ၂၀၁၄ ခုနှစ် မေလတွင် ဘန်ကောက်၌ဆေးသွားစစ်စဉ် သားဖြစ်သူကိုသန့်ဇင်ဦး၊ ဇနီးဖြစ်သူဒေါက်တာတင်မိုးဓေ



၃၆။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရဦးတင်ဦး၊ လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက (ဘဘ)သူရဦးတင်ဦးအား ယခင်အဖွဲ့ချုပ်ရုံးခန်းအဟောင်းတွင်အင်တာဗျူးနေစဉ်

* * *

ပြည်သူချစ်သော ကာကွယ်ရေးစီးချုပ်ဟောင်း သူရဦးတင်ဦး
စာအုပ်မိတ်ဆက်ပွဲနှင့် သူရဦးတင်ဦးအား ကျေးဇူးတင် ဂုဏ်ပြုခြင်း
အခမ်းအနား

**မုံရွာဦးအောင်ရှင်**



ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ သေအတူရှင်မကွာ ဒီမိုကရေစီတိုက်ပွဲကို ဦးဆွေးဆံမြည့် တိုက်ပွဲဝင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင် အန်ကယ်ဦးတင်ဦးရဲ့ စာအုပ်ထွက်ပေါ်လာတာ အလွန်ဂုဏ်ယူမိပါတယ်။ ဒီစာအုပ် ထွက်ပေါ်လာဖို့အတွက်လည်း ကျွန်တော်ဂျာနယ်လစ် ကိုဖိုးစိုင်းကို အကူအညီပေးခဲ့ပါတယ်။ ကျွန်တော်တို့ NLD မှာ တာဝန်ယူကြတဲ့ ခေါင်းဆောင်တွေနဲ့ ပတ်သတ်ပြီး တော့ ကျွန်တော့်မှာ ဆန္ဒတစ်ခုရှိပါတယ်။ အဲဒါဘာလဲဆိုတော့ NLD မှာ တာဝန်ယူကြတဲ့ ခေါင်းဆောင်တွေ အသက်တွေကလည်း ကြီးနေပြီး။ နိုင်ငံရေး အတွေ့အကြုံတွေရှိတဲ့ ခေါင်းဆောင် တွေ အများကြီးရှိတယ်။ ဒီခေါင်းဆောင်တွေထဲမှာ ဒေါ်အောင်ဆန်းစုကြည် ကိုယ်ရေးအတ္ထုပ္ပတ္တိ ထုတ်စေချင်တယ်။ ဆရာဦးတင်ဝင်းကတော့ သူ့ရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို RFA မှာ ပြောသွားတဲ့ မှတ်တမ်းတွေ ရှိခဲ့တယ်။ အခုအန်ကယ်ဦးတင်ဦးဆိုလည်း ကိုယ်ရေး အတ္ထုပ္ပတ္တိ ရေးခဲ့ပြီးပြီ။ နောက်တစ်ယောက်ရေးစရာ ကျွန်တော် ကြိုးစားနေတာရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး အန်ကယ် ဦးရွှေအောင်ရဲ့ အတ္ထုပ္ပတ္တိ ဖြစ်မြောက်အောင်လည်း ကျွန်တော် ကြိုးစားနေပါတယ်။ အန်ကယ်ဦးရွှေအောင်ဆို တာ အားလုံးသိတဲ့ အတိုင်းပဲ။ တပ်မတော်ဘက်မှာလည်း အတွေ့အကြုံတွေ အများကြီး ရှိတယ်။ အခုနိုင်ငံရေး ဘက်မှာလည်း နိုင်ငံရေးဆိုတာ စောစောပိုင်းက လွတ်လပ်ရေးရပြီးကတည်းက ဖဆပလခေတ် နိုင်ငံရေးမှာလည်း အတွေ့အကြုံတွေ ရှိတယ်။ နောက်ဒီဘက်ခေတ်NLD မှာပိုပြီးတော့ အတွေ့အကြုံတွေ အများကြီးရှိခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီးဟောင်း အန်ကယ်ဦးအောင်ရွှေရဲ့ အတ္ထုပ္ပတ္တိကို ရေးနိုင်အောင်လည်း ကျွန်တော်ကြိုးစားနေပါတယ်။

နောက်တစ်ချက်က အန်ကယ်ဦးတင်ဦး NLD မှာ လုပ်ကြကိုင်ကြရင်းနဲ့ အန်ကယ်ဦးတင်ဦးမှာ ကျွန်တော် သတိထားမိတဲ့ မှတ်သားမိတဲ့ အချက်သုံးချက် ရှိတယ်။ နံပါတ်တစ်အချက်ကတော့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်

အန်ကယ်ဦးတင်ဦးက ရိုးသားတယ်။ NLD အတွက် ဒီမိုကရေစီအတွက် စောစောက ပြောသလိုပဲ ဦးဆွေးဆံမြည့် ကျရာတာဝန်ကနေပြီးတော့ အလုပ်လုပ်ခဲ့တယ်။ နံပါတ်နှစ် သတိထားမိတာကတော့ ဒီမိုကရေစီ ခရီးကြမ်းကြီးမှာ အာဏာရှင်ကနေပြီးတော့ ဘယ်လောက်ပဲ ဖိနှိပ်ဖိနှိပ် ကျွန်တော်တို့ အန်ကယ်ဦးတင်ဦးဟာ ဦးမညွတ်ဘဲနဲ့ အခုလက်ရှိထိ တိုက်ပွဲဝင်ခဲ့တယ်ဆို တာ ကျွန်တော် မှတ်မှတ်သားသား သတိရနေပါတယ်။ နံပါတ်သုံးကတော့ အရေးကြီးပါတယ် အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ NLD မှာ အလွန်အရေးကြီးတဲ့ အန်ကယ် ဦးတင်ဦးဟာ ဒီမိုကရေစီ ဘက်က အမှန်တရားဘက်က နေပြီးတော့မှ ပြတ်ပြတ်သားသား ရပ်တည်ခဲ့တဲ့ အချက်နှစ်ချက် ကျွန်တော်တွေ့ခဲ့ပါတယ်။ ပထမအချက်က ပါတီထောင်ပြီးကာစ ဦးအောင်ကြီးနဲ့ အကွဲအပြဲဖြစ်တဲ့အခါ မှာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင် အန်ကယ်ဦးတင်ဦးဟာ အမှန်တရားဘတ်က နေပြီးတော့ ပြတ်ပြတ် သားသား ရပ်ခဲ့တယ်။ နောက်ဒုတိယအချက်က ၂၀၁၀ ပြည့်နှစ်မှာ ကျွန်တော်တို့ ပါတီက ရွေးကောက် ပွဲ ဝင်မလား၊ ပါတီမှတ်ပုံတင်မလား ဆိုပြီးတော့ ပြဿနာပေါ်တဲ့အချိန်။ အဲဒီ အချိန်မှာ ကျွန်တော်တို့ ထဲကနေပြီး ခွဲထွက်သွားတဲ့သူတွေလည်းရှိတယ်။ သို့သော်လည်းပဲ အန်ကယ်ဦးတင်ဦးဟာ အဲဒီ ခွဲ ထွက်သွားတဲ့သူတွေကို ဆန့်ကျင်ပြီးတော့ ဒီမိုကရေစီဘက်က ဒေါ်အောင်ဆန်းစုကြည်ဘက်ကနေပြီး တော့ ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ရပ်တည်ခဲ့တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ပါတီဟာ တကယ့် လူရှိသေရှင်ရှိသေဖြစ်တဲ့ အတိုက်အခံပါတီကြီးတစ်ခု ဖြစ်တာလို့တောင် ပြောလိုရပါတယ်။ ကျွန်တော် နိဂုံးချုပ်ပြေချင်တာကတော့ ဒီလိုအတွေ့အကြုံတွေ၊ ဒီလို မှဒိတာပွားစရာတွေ ရှိနေတဲ့ အန်ကယ်ဦးတင်ဦးရဲ့ စာအုပ်ကို အခုလိုထုတ်တဲ့အတွက် မဇ္ဈိမ စာတိုက်ကိုလည်း ကျေးဇူးတင်ပါ တယ်။ ဒီစာအုပ်ကို ပြုစုတဲ့ ဂျနယ်လစ် ကိုဖိုးစိုင်းကိုလည်း ကျေးဇူးတင်ပါတယ် ဆိုတာ ပြောရင်း နိဂုံးချုပ်ပါတယ်။

*



## ဆရာမင်းယုဝေ

ဦးဘသန်း (ဘီအေ)သည် ကျွန်တော်တို့ ပုသိမ်ကန်ကြီးတောင်ဇာတိ၊ ကန်ကြီးတောင်သား၊ သူ့စာအုပ်နဲ့ ကျွန်တော်တို့ ကြီးပြင်းလာခဲ့တာ။ နှစ်ပေါင်း ၄၀လောက် သူ့စာအုပ်ကို ကျောင်းသုံးစာအုပ် အဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ ဒုတိယပုသိမ်သားစစ်စစ် ဖေ၊ ပု၊ ရှိန်မှာပါတဲ့ ဦးထွန်းရှိန်။ ဦးထွန်းရှိန်ဟာဆို ရင်

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဝံသာနုစိတ်ဓာတ်တွေ ပေါ်ထွန်းအောင် ဦးစီးဆောင်ရွက်တဲ့ အထဲမှာပါတယ်။ အင်္ဂလန်ကို ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန် ရယ်သွားတော့ သူက အသက်အငယ်ဆုံး။ ဒါပေမဲ့ သူကအင်္ဂလိပ်စကား အပြောကောင်းတယ်။အင်္ဂလန်မှာ မြို့တကာလှည့်ပြီး ဗမာပြည်လွတ် လပ်ရေးတွက်စကားပြောတဲ့အခါမှာဦးဖိုးကျားရေးထားတယ်။ အင်္ဂလိပ်ဝန်ကြီးချုပ် ဗိုလ်နာလောပြောသလို ဗိုလ်နာလောလေသံနဲ့ကို ပြောနိုင်တဲ့ ဦးထွန်းရှိန်။ နောက်တစ်ဦးကကာတွန်းအစရွှေဗကလေးက။ ဦးဗကလေးကလည်း ပုသိမ်ကပဲ။ နောက်တစ်ဦးက ဦးဟုတ်စိန်။ ဦးဟုတ်စိန်ဆိုတာ ပါဠိလိုမြန်မာအဘိဓာန်ကို တစ်ယောက်တည်း စာမျက်နှာပေါင်း ၁၅၀၀ လောက်ရှိမယ်။ သူဟာလူပုဂ္ဂိုလ်ဆိုသော်လည်း သူ့ ပါဠိမြန်မာအဘိဓာန်ကို ဆရာတော်ကြီးတွေကအစ လေ့လာဆည်းပူးရတယ်။ အဲ့ဒီပါ မြန်မာအဘိဓာန် ပြုစုခဲ့ပေမယ့် တစ်ပြားမှမရဘူး။ သူက အဲ့ဒီတုန်းက ဟိုက်ကုတ်မှာ လုပ်တယ်။ လုပ်နေပြီးတော့ ရုံးဆင်းတဲ့အချိန်ညမှာ ငါကွာတဲ့ ရုံးက ပြန်လာပြီး ပက်လက်ကုလားထိုင်ပေါ် တက်တဲ့။ ကျွန်တော်က အဘိဓာန်ပညာနဲ့လည်း နိုင်ငံခြားကိုသွားရတယ်။ အဘိဓာန်လုပ်တာ အလွန်ခတ်တာ။ ကျွန်တော်တို့ လူပေါင်းနှစ်ဆယ်လောက် ပေါင်းလုပ်တာတောင်မှ မပြီးနိုင်ဘူး။ သူတစ်ယောက်တည်းနဲ့ဗျာ ဦးဟုတ်စိန်။ စာမျက်နှာ တစ်ထောင့်သုံးရာကျော်လောက် ရှိမယ်။ အဲဒါကို တစ်ပြားမှမရဘူး။ အစိုးရပုံနှိပ်တိုက်က ညှိနှိုင်းတော့ သူတို့ရိုက်ပေးမယ်တဲ့၊ စာမူခ မပေးနိုင်ဘူးတဲ့။ ဒါပေမဲ့ မေတ္တာလက်ဆောင် အုပ်အစိတ်ပေးမယ်တဲ့။ သူ့ခမျာ မေတ္တာလက်ဆောင် အုပ်အစိတ်ပဲ ရသွားရှာတယ်။ နောက်တစ်ခါ မြန်မာအင်္ဂလိပ်ပါဠိအဘိဓာန် စာမျက်နှာတစ်ထောင်ကျော်တယ်။ အံ့ဩဖို့ကောင်းတယ်။ One Man တစ်ယောက်တည်းနဲ့ကို ရေးခဲ့တာ။ အဲဒါ ပုသိမ်သား။

နောက်တစ်ယောက်က ကျွန်တော်တို့က ခေါ်ခေါ်နေတယ်။ အစ်ကိုကြီး

ဦးတင်ဦး။ ကာကွယ် ရေး ဦးစီးချုပ်ဟောင်း သူရဦးတင်ဦး။ ငါးယောက်ပေ့ါ။ သမိုင်းမှာတွင်မဲ့ပုဂ္ဂိုလ် ကျွန်တော်တို့ ပုသိမ်သားထဲက။ ကျွန်တော်တို့ ပုသိမ်ရာဇဝင်ကို ကြည့်မယ်ဆိုရင် ဒီငါးဦးကို ဘယ်တော့မှာ ဖျောက်ဖျက်လို့မရဘူး။ ကျွန်တော်က အစ်ကိုကြီးပဲခေါ်တာ။ ကျွန်တော်တို့က ခြောက်တန်းလောက် ရောက်တဲ့အချိန်မှာ အစ်ကိုကြီးက ကိုးတန်းလောက်ရှိပြီ။ အသက်က တစ်နှစ်ခွဲလောက် ငယ်ပါတယ်။ နောက်ပြီးတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကာကွယ်ရေးဦးစီးချုပ် ဖြစ်သွားတာ လက်မထောင်တယ်။ ငါတို့ ပုသိမ်သားကွ။ အစ်ကိုကြီးက လက်ရုံးရည်နဲ့လည်း ပြည့်စုံတယ်။ နှလုံးရည်နဲ့လည်း ပြည့်စုံတယ်။ ကိုယ်တွေ့ အဖိုးတန်တာက စိတ်ကောင်းရှိတယ်။ စိတ်ကောင်းရှိတယ်ဆိုတဲ့ထိပ်မှာ ရိုးသားတယ်။ ဖြောင့်မှတ်တယ်။ ကျွန်တော်တို့ အမရပူရဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ကျောင်းမှာ စည်းမျဉ်းဆယ် ချက် ဆွဲထားတယ်။ နံပါတ်တစ် စိတ်ကောင်းရှိဖို့က ပထမ။ နံပါတ်နှစ် ကျန်းမာဖို့က ဒုတိယ။ ဝိနည်းသိဖို့က တတိယ။ နောက်ဆုံးမှာ စာတတ်ဖို့က ဒသမဆွဲထားတယ်။ စိတ်ကောင်းရှိတယ်ဆိုတဲ့ စကားရဲ့အောက်မှာ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ နှိပ်ချခြင်းပါတယ်။ ကျွန်တော်တို့ အစ်ကိုကြီး ဦးတင်ဦးက ရိုးသားတယ်။ ဖြောင့်မတ်တယ်။ နှိပ့်ချခြင်းနဲ့ ပြည့်စုံတဲ့အပြင် ရဲစွမ်းသတ္တိနဲ့လည်း ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူးပါ။ ကျွန်တော်တို့ ပုသိမ်သမိုင်းကို ရေးမယ်ဆိုရင် ဒီပုဂ္ဂိုလ်ငါးဦးကို ချန်ထားလို့ မရဘူး။ ချန်ခဲ့ရင် ဒီလူက စာမရေးတတ်ဘူး ပြောရမယ်။ (ပရိတ်သတ်လက်ခုတ်သံများ)

ဒီနေ့ စာအုပ်မိတ်ဆက်ပွဲမှာ ဂျာနယ်လစ်ဖိုးစိုင်း ရေးတဲ့စာအုပ်ကို ကျွန်တော်ဖတ်ကြည့်တယ်။ ကျွန်တော်တို့မသိတဲ့ အချက်တွေတောင် အများကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အစ်ကိုကြီး ဦးတင်ဦးနဲ့ National ကျောင်းက ပင်နီတပ်မှာ အတူတူပါတယ်။ အတန်းကတော့ မတူဘူး ပေ့ါ။ နောက်ပိုင်း အလုပ်ကလည်း မတူတော့ မတွေ့ဖြစ်ဘူး။ ဒါပေမဲ့ တစ်နေ့သောအခါမှာ

မဟာစည် ရိပ်သာမှာ အစ်ကိုကြီးဦးတင်ဦးကို ရဟန်းဝတ်နဲ့တွေ့တယ်။ ရဟန်းဝတ်ချင်တဲ့ နိုင်ငံခြားသား ယောဂီ နှစ်ဦးကို အဲ့ဒီက ဆရာတော် ဦးပဏ္ဍိတလား မသိဘူး။ အစ်ကိုကြီး ဦးတင်ဦးကို ခေါ်ပြီးတော့ ဘာသာ ပြန်ခိုင်းတယ်။ ကျွန်တော် အံ့သြသွားတယ်။ ဖျားသွားတယ်။ အင်္ဂလိပ်စကားပြောတာ တယ်ကောင်း တာကိုဗျ။ ကောင်းတာကလည်း လောကုတ္တရာ စကားလုံးတွေ အဘိဓမ္မာ စကားလုံးတွေ ကျကျနန ပြောတတ်တယ်။ အစ်ကိုကြီးက စစ်ရေးလည်းတတ်။ အင်္ဂလိပ်စာကို ဘယ်လိုများ လေ့လာထားလဲ ဆိုတာ အံ့သြမိတယ်။ အခုစာအုပ်ထုတ်တဲ့ မဇ္ဈိမစာပေရော စာအုပ်ပြုစုတဲ့ ဆရာဖိုးစိုင်း(ဂျာနယ်လစ်)ကို ရောကျေးဇူးတင်ပါတယ်။ အစ်ကိုကြီး ဦးတင်ဦး မြင်းစီးနေတဲ့ပုံ သိပ်ကြိုက်တယ်ဗျာ။ ကျွန်တော် သိရသလောက် ကျွန်တော်တို့ စစ်ဗိုလ်ချုပ်တွေထဲမှာ မြင်းစီးတာဆိုလို့ ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက်ပဲ မြင်ဖူးတယ် ။ ဒီဖြင့် ကာကွယ်ရေး ဦးစီးချုပ်တွေ မြင်းစီးတာ မစီးတာတော့ မသိဘူးနော်။ ကျွန်တော်ကို ဒီပွဲမှာ ပြောဆိုခွင့် ပြုတဲ့အတွက် လှိုက်လှက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ အစ်ကိုကြီး ဦးတင်ဦးကိုလည်း ရိုသေစွာပဲ ဦးခိုက်ပါတယ် ခင်ဗျာ။

*



## ဦးဝင်းထိန်(ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)

ကျွန်တော်တို့ရဲ့ နာယကကြီး ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးရဲ့ စာအုပ်မိတ်ဆက်ပွဲမှာစကား ပြောခွင့်ရတဲ့ အတွက်ကြောင့် ကျေးဇူးလည်းတင်ပါတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးနဲ့ ကျွန်တော်နဲ့ ဆက်ဆံပုံ တွေကို ပြောရမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင်က ၇၃ နှစ်ရှိပြီ။ ဗိုလ်ချုပ်ကြီးဆိုရင် ၈၈ နှစ်ရှိပြီ။ အသက်ကွာခြားသော်လည်းပဲ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့က ကံကြမ္မာရဲ့ ဖန်တီးမှုပေါ့။ ကိုယ်က ဘာမှလုပ်လို့မရတဲ့ ကံကြမ္မာရဲ့ ဖန်တီးမှု

အကြောင်းတွေကို တင်ပြချင်ပါတယ်။

ကျွန်တော် ၁၉၆၃ ခုနှစ်မှာ မြစ်ဂကျွန်းပေါ်က တပ်တစ်ခုမှာ အရာရှိအဖြစ်နဲ့ တာဝန်ကျတယ်။ တာဝန်ကျတော့ မြစ်ဂကျွန်းပေါ် တစ်ခုလုံးမှာ သောင်းကျန်းသူတွေက အပြည့်။ ဗကပရှိတယ်။ အလံနီရှိတယ်။ အဲဒီ လိုရှိတဲ့အခါမှာ တိုက်ပွဲတွေက ဆက်တိုက်ဖြစ်တာ။ တိုက်ပွဲဖြစ်ချင်ရင် ထွက်သာသွား။ နာရီဝက်အတွင်း တစ်နာရီအတွင်းမှာ တိုက်ပွဲဖြစ်တယ်။ အဲ့ဒီမှာ ကျွန်တော်ရဲ့ တပ်ရင်းမှူးက ဗိုလ်မှူးကြီးဇော်မင်းတဲ့။ ဒုတိယဗိုလ်မှူးကြီးဇော်မင်းပေ့ါ။ သူက ကျွန်တော်ကို လက္ခဏာ ကြည့်ပေးတယ်။ သူက ခရစ်ယာန်။ လက္ခဏာ ဘယ်လောက် တော်လည်း မတော်လည်းတော့ ကျွန်တော်မသိဘူး။ ကျွန်တော်ကို ပြောတယ်။ ဟေ့ကောင် မင်းဥပစ္ဆေဒကံနဲ့ သေမယ့်ကံမပါဘူး။ ချသာချ။ လုပ်စရာရှိတာလုပ်။ ရဲရဲဝံ့ဝံ့ လုပ်တဲ့။ ငါက သေတော့မှာတဲ့။ ငါးရေနှစ်သေမှာတဲ့။ သူ အဲဒီ လိုပြောတာကို ခေါင်းထဲမှာ မှတ်ထားတယ်။ အဲဒါက ၁၉၆၃ ခုနှစ် ဇွန်လ။ အောက်တိုဘာလကျတော့ ကျွန်တော်တို့စစ်ဆင်ရေးနဲ့ ရခိုင်ရိုးမအရှေ့ခြမ်း စစ်ဆင်ရေးသွားရင်းနဲ့ လူ ၂၀၀ ပါတဲ့ စစ်ကြောင်းကြီးမှာ အလံဖြူက ချောင်းပစ်တာ သူတစ်ယောက်ပဲ တိုက်ပွဲကျတယ်။ ကျပုံကျနည်းကလည်း တံတားကိုအဖြတ်မှာ ပစ်လိုက်တဲ့ ကျည်ဆန်က လည်ပင်းနောက်ကျော မှန်ပြီး အောက်က ဒူးလောက်ရှိတဲ့ ရေထဲမှာ အသက်ပျောက် သွားတယ်။ အဲဒီ ကတည်းက ကျွန်တော်စဉ်းစားတယ်။ သူကိုယ်တိုင်ကလည်း ငါးရေနှစ်သေမှာ မကြာခင်သေ မှာလို့လည်း ပြောခဲ့ဖူးတယ်။ ဒီပုဂ္ဂိုလ်က သူ့ကြမ္မာကို သူခန့်မှန်းပြီးပြောတာ တော်တော်မှန်ပါလားလို့။ အဲဒါကို စိတ်ထဲမှာ မှတ်မိနေတယ်။ အဲ့ဒီအချိန်မှာ ဦးတင်ဦးကြီးက ပုသိမ်မှာ တိုင်းမှူး၊ တပ်ရင်းမှူးတစ်ယောက်ကျတယ် ဆိုတာ နည်းတဲ့ကိစ္စမဟုတ်ဘူး။ လူ ၇၀၀ လောက်ကို အုပ်ချုပ်တဲ့ တပ်ရင်းမှူးဆိုတာ အင်မတန် ကြီးကျယ်တဲ့ ကိစ္စ။ တိုင်းမှူးအနေနဲ့ လာစစ်တဲ့အချိန်မှာ ကျွန်တော်က လုံခြုံရေးလုပ်ရတယ်။ အဲဒီ အချိန်က စပြီးတော့ ဦးတင်ဦးနဲ့ ကျွန်တော်ကပြန်ဆုံကြတာ။ ဒါပေမဲ့ သူက

လူငယ်တွေကို ဂရုစိုက်တယ်။ ကျွန်တော်က သူ့လုံခြုံရေးကို ယူတဲ့အချိန်မှာ ဖာသိဖာသာမနေဘူး။ ပော့ကောင်တွေ လာဦး။ မင်းအိတ်ထဲမှာ ဘာတွေပါလဲဆိုပြီး မေးတယ်။ ကျွန်တော်ကလည်း ကံအားလျော်စွာပဲ အားရင်ဖတ်တဲ့ စာအုပ်တွေပါတယ်။ ဆရာပါရဂူရဲ့ စိတ္တရလေခါတို့ တခြား ဘာသာပြန် စာအုပ်တွေပေ့ါ။ အဲ့ဒါတွေပါတော့ ဦးတင်ဦးက မင်းဒါတွေ ဖတ်နေတယ်ပေ့ါ။ ကျွန်တော်ကလည်းအားရင်တော့ ဖတ်ပါတယ်ဆိုတော့ အေပြီးရင် ငါ့ကိုပြန်ပြောဦးပေ့ါ။ အဲဒီ လိုပေ့ါ ကျွန်တော်တို့ကို လူငယ်ဆိုသော်လည်းပဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံတဲ့ အခါကြတော့ အော်....ဒီတိုင်းမှူးကြီးက တို့ကို ဂရုစိုက်ပါလားပေ့ါ။ အဲဒီ တုန်းက ဗိုလ်ကြီးပေ့ါ။ အဲဒီ လို ဖြစ်လိုက်တဲ့အခါမှာ ကျွန်တော်ကတော့ မြစ်ဂကျွန်းပေါ် တပ်မှာကျန်နေခဲ့တယ်။ မကြာခင်မှာပဲ ဦးတင်ဦးကြီးက မင်္ဂလာဒုံအလယ်ပိုင်း တိုင်းပြောင်းသွားတယ်။ ဖြစ်ချင်တော့ ကျွန်တော်တို့တပ်ကို အင်္ဂလာဒေ့ါပြီးတော့ ပဲခူးရိုးမပေါ် စစ်ဆင်ရေးတက်ရတယ်။ ပဲခူးရိုးမမှာKNDO ရှိတယ်။ ဗကပဗဟို ရှိတယ်။ တိုက်ပွဲတွေ ဖြစ်ကြတယ်။ ဖြစ်တဲ့အခါမှာ တိုင်းမှူးဗိုလ်ကြီး သေသွားတော့ ဦးတင်ဦး လာတယ်။ ကျွန်တော်က ကြိုရတာ ပေ့ါ။ အချိန်တစ်နှစ်လောက် ကြာပြီးပေမယ့် ကျွန်တော်ကို တွေ့တွေ့ချင်း မှတ်မိတယ်။ ဟား....မင်း ဒီရောက်နေတာလားတဲ့။ ဟုတ်ကဲ့ တိုင်းမှူးကြီး။ ကျွန်တော် စစ်ဆင်ရေး ပါလာတာပါဆိုပြီး အဲဒီ လိုကြုံခဲ့ရတယ်။ နောက် ငါးနှစ်လောက် ကြာတဲ့အခါ မှာစစ်ဆေးရုံ ရောက်လာတယ်။ ရောက်လာတာက ဒုတိယကာကွယ်ရေး ဦးစီးချုပ်အနေနဲ့ ရောက်လာပြန်ရော။ ဆိုလိုတာက ဒီပုဂ္ဂိုလ်ကြီးနဲ့ ကျွန်တော်နဲ့က ဘဝလမ်းကြောင်းမှာ ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့ တွေ့ဆုံမှုတွေပေ့ါ။ ဗိုလ်ချုပ်ကြီးတင်ဦးက ကာကွယ်ရေးဦးစီးချုပ် ဖြစ်သွားပြီ။ ဖြစ်သွားတဲ့အခါ ကျွန်တော်တို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးရဲ့ Staff Officer ပေ့ါ။ အမှန်တော့ ဗိုလ်ချုပ်ကြီးတင်ဦး ထွက်ရတာ အုပ်ချုပ်ရေးကိစ္စနဲ့ ဘာမှမဆိုင်ဘူး။ အိမ်ဆောက်တဲ့ကိစ္စကို ဦးနေဝင်းကမေပြီးတော့ ပြန်ပြောရင် အခုခေတ်နဲ့ဆို ရယ်စရာတောင် ကောင်းဦးမယ်။ ရေချိုးခန်းမှာ သုံးတဲ့ မှန်နဲ့ ကြွေပြားတွေ

သွင်းတဲ့အတွက်ကြောင့်မို့ အာဏာအလွဲသုံးစားလုပ်တယ်ဆိုပြီး ထွက်ခိုင်းတာ။ အခုခေတ်အနေအထားနဲ့ စဉ်းစားကြည့်ပေ့ါ။ ထွက်ခိုင်းတော့ သူ့ PSO က ဗိုလ်ကြီးစံကြည်ပေ့ါ။ ကျွန်တော်ကို ပြောတယ်။ ဦးတင်ဦးတော့ ထွက်သွားပြီတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဒီလိုကြောင့်ပဲတဲ့။ ကျွန်တော်က တွက် လိုက်တယ်။ ဒါအကြောင်းပြတာ။ ဦးနေဝင်းက ဦးတင်ဦးကို ဘယ်အချိန်ကတည်းက ထွက်ခိုင်းမလဲ ဆိုတာ မသိဘူး။ ငါတို့လည်းမှန်းတာ ကြာပြီ။ ဘာလို့လဲဆိုတော့ ၁၉၇၄ ခုနှစ်မှာ အလုပ်သမား အရေးအခင်းဖြစ်တယ်။ မှတ်မိကြပါလိမ့်မယ်။ နောက် ဦးသန့် အရေးအခင်းဖြစ်တယ်။ ဦးသန့် အရေးအခင်း တုန်းက သိပ်မသိသာဘူး။ အလုပ်သမား အရေးအခင်းကြတော့ အလုပ်သမားတွေက အော်တဲ့အထဲ မှာ ဗိုလ်ကြီးဦးတင်ဦး ကျန်းမာပါစေဆိုတာပါတယ်။ အဲဒီ ကတည်းက ဒီဆလိုဂမ်က ဦးနေဝင်းဆီ ရောက်သွားရင်တော့ ပိုပြီးတော့ မလွယ်ဘူးဆိုတာ သိပြီးသား။ ဖြစ်ချင်တော့ ဒီလိုဦးစီးချုပ်ကြီး ထွက် ရတာ ကို မကျေနပ်လို့ဆိုပြီးတော့ ဗိုလ်ကြီးအုန်းကျော်မြင့်တို့က ပုန်ကန်မယ်ဆိုတာ ဖြစ်တယ်။ သူတို့ ခမျာ စီစဉ်တာကလည်း မကောင်း၊ လူလည်းမရှိ၊ လက်နက်ခဲယမ်းကလည်း မပြည့်မစုံနဲ့ ဆုံးရှုံးသွား တယ်။ ဗိုလ်ချုပ်ကြီးတင်ဦးကို ထောင်ထဲထည့်လောက်အောင်တော့ သူတို့ လှုပ်ရှားသွားတာ မဟုတ် ဘူး။

ကျွန်တော်ကလည်း ဗိုလ်ချုပ်ကြီးတင်ဦး ရုံးက ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ဌာနအား လုံး အကုန်ဖမ်းတာ တစ်ယောက်ပဲကျန်တယ်။ အမှုပြီးတော့မှ အပြစ်ရှာလို့မရလို့ အငြိမ်းစားဆိုပြီး ပေး လိုက်တာ။ အဲ့ဒီတော့ ဦးစီးချုပ်ကြီးနဲ့ ကျွန်တော်နဲ့က အဲဒီ လောက်ထိ ဖြတ်သန်းခဲ့ရတယ်။ အဲဒီ မှာတင် ရပ်မသွားဘူး။ ကျွန်တော် စီးပွားရေးလုပ်တယ်။ အောင်မြင်တယ်။ ဗိုလ်ချုပ်တင်ဦးက ထောင်ကနေ ထွက်ပြီးတော့ ဥကဒေတက်တယ်။ စာမေးပွဲတွေ အောင်တယ်။ အဲဒီ လိုနဲ့ ၈၈ စခါနီး အဲဒီ မတိုင်ခင်မှာ လည်း သီတင်းကျွတ် ကျွန်တော် သွားကန်တော့တယ်။ မကြာမကြာ ရောက်တယ်။ ၈၈ ဖြစ်ခါနီး မှာ ကျွန်တော်ဆီ ဖုန်းဆက်တယ်။

ဟော့ကောင်ရေ လာဦး။ ငါတော့အားလုံးက ဝိုင်းတောင်းဆိုလို့ မထွက် လို့ မဖြစ်တော့ဘူး။ ထွက်ရတော့မယ်။ မင်းတို့ဝိုင်းလုပ်ပေးကြဦးဆိုတော့ ကျွန်တော်တို့ ကိုဝင်းသိန်း တို့၊ နိုင်ငံခြားရောက်နေတဲ့ ကိုစိန်သောင်းတို့ အကုန်လုံးဝိုင်းပြီး သူ့အနားမှာ ပွဲပိုးရင်းနဲ့မှ နောက်ဆုံးမှာ NLD ရောက်လာတယ်ဆိုပါတော့။ NLD မှာ ဦးတင်ဦးကြီးက ဥက္ကဋ္ဌ။ ကျွန်တော်က ၁၉၈၉ ခုနှစ် ဇူလိုင်မှာ အဖမ်းခံရပြီးတော့ ၁၉၉၀ ပြည့်နှစ်ကျော်တဲ့ အခါမှာ ကျွန်တော်တို့ဦးတင်ဦးကြီးက ထောင်ထဲရောက်လာတယ်။ အထူးဆောင်မှာ။ အထူးဆောင်မှာဆယ်ခန်းရှိတယ်။ ဗိုလ်ချုပ်ကြီး တင်ဦးတို့၊ ဦးကြည်မောင်တို့၊ ဦးချစ်ခိုင်တို့၊ ကင်မင်ချူးတို့က အိမ်လေးနဲ့နေရတယ်။ ကျွန်တော်တို့က လှမ်းချောင်းကြည့်မှ မြင်ရတယ်။ လူချင်းစကားပြောလို့ မရဘူး။ ကျွန်တော့်ဘေးမှာ မင်းကိုနိုင်ရှိတယ်။ သေသွားတဲ့ ဦးခင်မောင်မြင့်ပေါ် (PPP)က။ နောက်ပြီးတော့ ကိုလှရွှေ ရှိတယ်။ ကိုလှရွှေက နောက်တော့ ပြောင်းသွားတယ်။ ဒေါက်တာမော်ဇင် ရှိတယ်။ နောက် ခေါင်းဖြူကြီး ဦးတင်အောင် ရှိတယ်။ ကိုသက်ခိုင်ရှိတယ်။ ကိုဝံသက ဝင်လိုက်ထွက်လိုက်။ (ရယ်လျက်) ဘကြီးမိုးဘက်သို့ လှည့်ကာ ခင်ဗျားတို့ကလည်း ဝင်လိုက်ထွက်လိုက်ပါ။ ကျွန်တော်က နည်းတယ်။ မင်းကိုနိုင်နဲ့ကို ငါးနှစ်ခွဲလောက် အတူနေသွားတာ။ ဒါပေမဲ့ သူက တော်တာ ကလေး ငါးနှစ်ခွဲလောက် အတူနေ လာတာ တစ်ခါမှ ရန်မဖြစ်သွားဘူး။ အဲဒီ လောက်ထိ ပေါင်းသင်းဆက်ဆံရေးတော်တာ။ နောက်တစ်ခု က သူ့ရဲ့စိတ်ဓာတ်ခိုင်မြဲမှုပေါ့။ ဦးဝင်းတင်ကလည်း အခန်းထဲမှာရှိတယ်။ အဲဒီ လိုအချိန်မှာ ကျွန်တော် နောက်ကို ဦးစီးချုပ်ကြီးက လိုက်လာတယ်။ ဦးတင်ဦးကြီးနဲ့ ကျွန်တော်ဟာ ဘဂဇာတ်ကြောင်းက ကံကြမ္မာတွေ ဘယ်လိုပါလာသလဲတော့ မသိဘူး။ သို့သော်လည်းပဲ ကံကြမ္မာကိုတော့ ကျွန်တော် လုံးဝမမှီခိုပါဘူး။ လုပ်စရာရှိတာ လုပ်ပါတယ်။ ခုနက ဆရာမင်းယုဝေ ပြောသလိုပဲ ကျွန်တော်တို့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ချစ်တဲ့ ဦးစီးချုပ်။ နောက်ပြီးတော့ အခုဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်မှ နိုင်ငံမှာ ဒီမိုကရေစီရမယ်ဆိုတာ

ယုံကြည်တဲ့အတွက် ကြောင့်မို့ ဒေါ်အောင်ဆန်းစုကြည် အောင်မြင်ဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရဆိုပြီး ပိုင်းဖြတ်ထားတဲ့ သစ္စာ ရှိမှု၊ ထောက်ပံ့မှု၊ အဲဒါတွေဟာ ကျွန်တော့် တစ်သက်တာမှာ ဦးတင်ဦးကြီးနဲ့ ပတ်သတ်တဲ့ အမှတ်ရစရာကိစ္စတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီပွဲမှာ ဂုဏ်ပြုစကားပြောရတာ အတွက် ကျွန်တော် ကျေးဇူး တင်ပါတယ်။ ဒီလောက်ပဲ နိဂုံးချုပ်ပါရစေဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

*

**ဦးမိုးသူ (ဘကြီးမိုး)**



လေးစားရတဲ့ မိတ်ဆွေများခင်ဗျာ။ ကျွန်တော် ထိုင်ပြောရတာ ကို ခွင့်လွှတ်ပါဗျာ။ ကျွန်တော်က ခြေထောက် မကောင်းလို့ပါ။ အန်ကယ်ဦးတင်ဦးအကြောင်း ပြောရမယ်ဆိုရင် ပထမဦးဆုံး အန်ကယ် ဦးတင်ဦးကို ကာကွယ်ရေးဦးစီးချုပ်ဘဂနဲ့ သိခဲ့ရဖူးတယ်။ ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ တည်ကြည် တယ်ဆိုတာတွေ ကြားဖူးတယ်။ အန်ကယ်ဦးတင်ဦးကို ပထမဆုံး စတွေ့ဖူးတာ ဆေးရုံကြီးထဲမှာ ဆေးရုံကြီးမှာ သပိတ်စခန်းဖွင့်တော့ အန်ကယ်ဦးတင်ဦးက ပထမဦးဆုံး လာဟောတယ်။ လာဟောတဲ့ အချိန်က ဩဂုတ်လ ၂၈ ရက်နေ့မှာ။ ကိုထိန်တို့၊ ကိုဝင်းသိန်းတို့ အကုန်ပါတယ်ဗျ။ အဲဒီ မှာ

ကျွန်တော် က အန်ကယ်ဦးတင်ဦးတို့၊ ကိုထိန်တို့နဲ့ စရင်းနှီးတာပေ့ါ။ NLD ပါတီစပြီး ထောင်တဲ့အခါကြတော့ ဦးတင်ဦးရဲ့ မျိုးချစ်ရဲဘော်ဟောင်းများ၊ ဦးအောင်ကြီးရဲ့ အဖွဲ့များ၊ ကျွန်တော်တို့ ဒေါ်အောင်ဆန်းစု ကြည်ရဲ့ တတ်သိပညာရှင်များ သုံးဖွဲ့ပေါင်းပြီးတော့ အောင်၊ စု၊ တင် ဆိုပြီး NLD ပါတီထောင်ဖြစ်ခဲ့ ကြတယ်။ အဲဒီမှာ အန်ကယ် ဦးတင်ဦးက ကျွန်တော်တို့ကို လူငယ်တွေရယ်လို သဘောမထားဘူး။ အမြဲတမ်း ဦးစားပေးပါတယ်။ ခုနက ဦးဝင်းထိန်က ကံစပ်တဲ့အကြောင်းပြောလို့ ကျွန်တော်က ခဏခဏကံစပ်တယ်။ ကံစပ်တိုင်းလည်း မကောင်းဘူး။ ထောင်ထဲသွားရတာ ကြီးပဲ။ ထောင်ကံစပ် တယ် ခေါ်ရမှာပေ့ါဗျာ။ ၁၉၉၅ ခုနှစ် ကျွန်တော် ထောင်ထဲရောက်တဲ့အခါကြတော့ ကိုထိန်က ကျွန်တော့်အရင် ရောက်နေတယ်။ (ရယ်လျက်) အဲဒီ လို ဆုံခဲ့ကြတာပေ့ါ။ နောက်တစ်ခုက အထက်ဗမာပြည်ကို လူငယ်စည်းရုံးရေးအတွက် ဒေါ်အောင်ဆန်းစုကြည်က ခရီးသွားဖို့ အစီစဉ်ဆွဲပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ထုံစံအတိုင်း ဘယ်သူမှ မလိုဘူး။ သူ တစ်ယောက်တည်း သွားမယ်တဲ့။ ဦးဝင်တင် ဒေါ်စု အဲဒီ လိုတော့ မလုပ်ပါနဲ့။ တစ်ယောက်တော့ ခေါ်ပါ။ ကျွန်တော်တို့ နှစ်ယောက်တည်း က တစ်ယောက်ကို ခေါ်ပါတဲ့။ ကျွန်တော်တို့နှစ်ယောက် ဆိုတာ ဦးဝင်းတင်နဲ့ ကျွန်တော်ပေ့ါ။ ကျွန်တော်တို့က စာရေးဆရာ၊ သတင်းစာဆရာဆိုတော့ ပြည်သူလူထုနဲ့ နီးစပ်တယ်။ ဆက်ဆံမှု ကောင်းတယ် ကျွန်တော်တို့ နှစ်ယောက်တည်းက တစ်ယောက်ခေါ်ပါဆိုတော့ အဲဒါဆို ဆရာမိုးကို ခေါ်မယ်ဆိုပြီး ကျွန်တော့်ကိုခေါ်တယ်။ အန်ကယ်ဦးတင်ဦးကလည်း ပြောတယ်။ ကိုမိုးသူပါတာ ကောင်းပါတယ်တဲ့။ ပြည်သူလူထုနဲ့ ဆက်ဆံတာ အဆင်ပြေနိုင်ပါတယ်တဲ့။ ဒါပေမဲ့ စစ်တပ်နဲ့ ဆက်ဆံ ဖို့ လူတစ်ယောက်တော့ ထည့်လိုက်ချင်တယ်တဲ့။ ဘယ်သူ့ ထည့်မှာလဲဆိုတော့ ဦးထိန်ကို ထည့်လိုက်မယ်တဲ့။ အဲဒီ မှာ ဦးထိန်က ဦးတင်ဦးရဲ့ ပီအေကနေ ဒေါ်အောင်းဆန်းစုကြည်ရဲ့ပီအေ ဖြစ်သွားပြန်ရော။ အဲဒီ ကနေ ကျွန်တော်နဲ့ အတူတူ ထောင်ထဲပါလာပြန်ရော။ နောက်တစ်ခုက ပြောကြစတမ်းဆိုရင် ကျွန်တော်ရယ်၊ ကိုထိန်ရယ်၊ မောင်ဝံသရယ် သုံးယောက်စလုံး

ခြံရှေ့ကနေပြီး တော့ ထောင်ထဲကို တီအီးအလဲဗင်းကားကြီးနဲ့ သွားကြတာ။ ခြံထဲကသူတွေ အကုန်ပါတယ်။ အကုန်လုံးရှင်းရှင်းဆိုပြီး ကလေးတွေ အကုန်လုံး ထောင်ထဲထည့်ပြီး ကျွန်တော်တို့ သုံးယောက်ကို တော့ စစ်ကြောရေးကို ခေါ်သွားတယ်။ ဒီနေရာမှာ အတင်းပြောစရာ ရှိပါတယ်။ အတင်းပြောရမယ့် စကားက ဘာတုန်းဆိုတော့ မောင်ဝံသတို့ မောင်မိုးသူတို့ကို စစ်ကြောရေးက အမှောင်ခန်းထဲမှာ ထည့်ထားတာ ရှိပါတယ်။ မအိပ်မနေ စစ်တာတွေ ရှိပါတယ်။ ကျွန်တော်တို့ကို ဆိုက်ကိုပေါ့။ အဲဒီ လို နည်းနဲ့ စစ်ကြောရေးတွေ အများကြီး လုပ်တာပါ။ ဒါပေမဲ့ ဦးထိန်ကိုတော့ ရိုက်တယ်ဗျ။ ဒါတွေလည်း နောက်မှ ပြန်သိရတာ ပါ။ ဘာလို့ ရိုက်လဲဆို မင်းကစစ်သားဖြစ်ပြီးတော့ ငါတို့ဘက်မပါဘဲ ဟိုဘက် ပါလို့ ဆိုပြီး ဦးထိန်ရိုက်ခံရပါတယ်။ အဲဒီ တော့ ကျွန်တော်တို့တစ်တွေ ၁၉၈၉ ခုနှစ် ထောင်ထဲမှာ ပထမတစ်ကြိမ် ဆုံကြပြီးတော့ ၁၉၉၂ လွတ်တယ်။ ၁၉၉၂ လွတ်ပြီးတော့ ကျွန်တော်တို့က ၁၉၈၈ ခုနှစ်ကတည်းက စာရေးပိုင်ခွင့်မရပါဘူး။ NLD မှာ ရှိစဉ်က အန်ကယ် ဦးအောင်ရွှေ၊ အန်ကယ် ဦးတင်ဦး၊ ကျွန်တော်နဲ့ ပြည်ခရီးစဉ်ကို သွားပါတယ်။ အဲဒီ အချိန်တွေက စစ်တပ်က အင်မတန် ဖိနှိပ်နေတဲ့ အချိန်တွေပါ။ ၁၉၉၆ မှာ ကျွန်တော် ပြန်အဖမ်းခံရတော့ ကျွန်တော် အသုဘ လိုက်ပို့ရပါ တယ်။ အသုဘမှာ ဘယ်သူနဲ့ ဆုံလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ရယ် ဦးတင်ဦးရယ် ကျွန်တော့် ဇနီး အသုဘမှာ ဆုံပါတယ်။ အဲဒီ မှာ အန်ကယ်ဦးတင်ဦးက ဘာသာတရားကို အားကြီးကိုင်းရှိုင်း ရှိသေတယ်ဗျ။ အဲဒီ တော့ အန်ကယ်ဦးတင်ဦးက ထုံးစံအတိုင်း ကျွန်တော့်ဇနီး ရုပ်ကလာပ်နားမှာ ရွတ်ဖတ်သရဇ္ဈာယ်တာပေါ့။ ကျွန်တော်နဲ့ ဒေါ်စုနဲ့ကတော့ မတ်တတ်ရပ်နေရတာ ပေါ့။ ကိုယ်က ဘာမှ မတတ်တာကို။ ကျွန်တော်က သီတဂူ ဆရာတော်ကြီးရဲ့ တရားတွေတောင် ထောင်ထဲရောက်မှ နာဖူး ပါတယ်။ ထောင်ထဲမှာတော့ လော်စပီကာနဲ့ ဖွင့်ပေးထားတာကို။ အဲဒီ လိုနဲ့ အန်ကယ်ဦးတင်ဦးနဲ့ ကျွန်တော်နဲ့ အမြဲတမ်းဆုံပါတယ်။ ကျွန်တော် ၂၀၀၀ မှာ ထောင်ကလွတ်ပါတယ်။ လွတ်ပြီးတော့ အန်တီစုတို့ အန်ကယ်ဦးတင်ဦးတို့ ပေးတဲ့ တာဝန်တွေမှန်သမျှ ယူပါတယ်။

နောက်တစ်ခု ဦးဝင်းတင် ဖောင်ဒေးရှင်းမှာ တာဝန်ယူပါတယ်။ ဘာပဲပြောပြော အန်ကယ်ဦးတင်ဦးရဲ့ အင်မတန်ထူးခြားတဲ့ အရည်အချင်းက ဘာလဲဆိုတော့ ရိုးသားတာ၊ ဖြောင့်မတ်တာ၊ တည်ကြည်တာ။ လူတစ်ယောက်မှာ အင်မတန်ရှားပါးတဲ့ အရည်အချင်းက အဲဒီ သုံးခုပါပဲ။ အဲဒီ လို အင်မတန်ရှားပါးတဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ အန်ကယ်ဦးတင်ဦးရဲ့ စာအုပ်ကို အခုလို ထုတ်ဝေတဲ့ စာအုပ်မိတ်ဆက်ပွဲမှာ အခုလို စကားပြောခွင့်ရတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။

*



## ဦးရောနီညိမ်း (VOA)

အခုလို ဆရာဖိုးစိုင်း (ဂျာနယ်လစ်) ရေးသားပြုစုတဲ့ စာအုပ်မှာ ကျွန်တော့်ကို ပါဝင်ပတ်သက်မှု တစ်စုံတရာရှိတဲ့အတွက်ကြောင့် ဒီအခမ်းအနားကို ကြွရောက်ပါဆိုပြီး ဖိတ်စာနဲ့တကွ ဖိတ်ကြားတဲ့ အတွက် ဆရာဖိုးစိုင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီအခမ်းအနားကို ရောက်တဲ့အခါကြတော့ ဦးတင်ဦး ကြိုက်ချင်မှ ကြိုက်မှာပါ။ ကျွန်တော်က ဗိုလ်ချုပ်ကြီးပဲ ခေါ်ရမှာပဲ။ ကျွန်တော်က တစ်သက် လုံး ဗိုလ်ချုပ်ကြီးပဲ ခေါ်လာတာဆိုတော့။

သူရဦးတင်ဦး - ဦးတင်ဦးပဲ၊ ဦးတင်ဦးပဲ (ရယ်လျက်)

ဦးရော်နီညိမ်း (VOA) - ကာကွယ်ရေးဦးစီးချုပ် လုပ်ခဲ့တဲ့ ဦးတင်ဦးကို ကျွန်တော် အင်တာဗျူး ခဲ့တုန်းက အမှတ်ရစရာလေးတွေ ပြန်ပြောပြမယ်ဆိုပြီး စဉ်းစားလာတာ ဒီရောက်တဲ့အခါကြတော့ ကျွန်တော့် ဆရာသမား တစ်ယောက်ကို ထပ်တွေ့လိုက်ရပါတယ်။ ကျွန်တော့် ဆရာသမားက ဦးဝင်းထိန်ပါခင်ဗျ။ ဦးဝင်းထိန်က ကျွန်တော်တို့တပ်က ထွက်ရတဲ့အချိန်မှာ ကျွန်တော်တို့က ရေတပ် ထွက်ပြီး သင်္ဘောလိုက်ဖို့ ဘာညာလုပ်နေတုန်း ရှိသေးတယ်။ စစ်ရုံးက ခေါ်ပြောတယ်။ မင်းတို့ဟာ မင်းတို့ ကပ္ပတိန်စာမေးပွဲပဲအောင်အောင် မင်းတို့လိုက်လို့ မရဘူး။ မင်းတို့တွေ Passport ရမယ့်ကောင် တွေ မဟုတ်ဘူး။ တခြားဟာလုပ်စား ဆိုတာနဲ့ ဦးဝင်းထိန်က မင်းငါ့ဆီလာခဲ့ ဆိုတာနဲ့ နိုင်ငံခြား ကုမ္ပဏီတွေနဲ့ ဘယ်လိုအလုပ်လုပ်ရတယ်ဆိုတာ ကျွန်တော့် လက်ဦးဆရာပါပဲ။ သူတော့ မှတ်မိသေး လား မသိဘူး။ သူပေးထားတဲ့ လက်နှိပ်စက်လေး ကျွန်တော့်အိမ်မှာ အခုထိ ရှိပါသေးတယ်။ ဟုတ်ကဲ့ ပါ။ ကျွန်တော် ကြုံကြိုက်လို ဝမ်းသာလို့ ပြောတာပါ။

အန်ကယ်ဦးတင်ဦးကို ကျွန်တော် တပ်မတော်ထဲမရောက်ခင် ကျေးဇူးတင်စရာ အချက်တစ် ချက်က ရှိနေပါတယ်။ အဲဒါက ဗိုလ်လောင်းစားမေးပွဲ သွားဖြေတော့ လူတွေ့ဖြေတဲ့အချိန်မှာ ကျွန်တော် က လေတပ် ဘာညာ လျှောက်ဖြေထားတော့ မင်းဘာသိသလဲတဲ့။ ကျွန်တော်က ဟယ်လီကော်ပတာ သိတယ်။ ဟက်စကီး သိတယ်ပေါ့။ မင်းဘယ်တုန်းက မြင်ဖူးတာလဲတဲ့။ ကျွန်တော် မနေ့တစ်နေ့ကပဲ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဦးတင်ဦး ရှမ်းပြည်နယ်ကိုသွားတာ ဟက်စကီးနဲ့ ဗိုလ်ချုပ်ကြီး ဦးတင်ဦးကို တွေ့တယ်။ အဲဒါ ဟက်စကီးပဲလို့ပြောတော့ ဗိုလ်မှူးကြီးမင်းသိန်းက သဘောကျသွား တယ်။ အဲဒါကြောင့် ဗိုလ်ချုပ်ကြီး အဘဦးတင်ဦးကို မတွေ့ဖူးခင်ကတည်းက ကျေးဇူးရှိနေပါတယ်။ တပ်မတော်ထဲ ရောက်သွားတော့လည်း နောက်တစ်ခုက

မှတ်မှတ်ရရ ၁၉၇၄ ခုနှစ်မှာ စစ်တက္ကသိုလ် အပတ်စဉ် ၁၆ က ဗိုလ်သင်တန်းဆင်းပါတယ်။ အဲဒါ ဗိုလ်ချုပ်ကြီးတင်ဦး နောက်ဆုံးပဲ ကျောင်းဆင်း ပေးသွားတာပေါ့။ သူကျောင်းဆင်းပေးခဲ့တဲ့ ပုဂ္ဂိုလ်တွေထဲက အခုချိန်မှာ ထိပ်ပိုင်းရောက်နေတဲ့ ပုဂ္ဂိုလ် တွေကို ကျွန်တော်သိသလောက် အကျဉ်းချုပ်ပြောပြရမယ်ဆိုရင် ရေတပ်ကလာတဲ့ ဒုတိယသမ္မတ အငြိမ်းစား ဗိုလ်ချုပ်ကြီး ဦးညဏ်ထွန်း အပတ်စဉ် (၁၆)က၊ နောက်တစ်ခါ အပတ်စဉ် (၁၆) က ဦးဝင်းထိန်လိုပဲ အောင်စစ်သည်ရတဲ့ နောက်တစ်ယောက်ရှိသေးတယ်။ နိုင်ငံခြားရေးဝန်ကြီး လုပ်လာတာ ဦးဝဏ္ဏမောင်လွင်တို့က ဗိုလ်လောင်းလေးတွေအနေနဲ့ ဗိုလ်ချုပ်ကြီးတင်ဦးက သူတို့ ကျောင်းဆင်းတာကို လိုက်စစ်ပြီး ကျောင်းဆင်းပေးလိုက်တာ။ နောက် ရှိပါသေးတယ်။ ဦးသာအေး (စစ်ကိုင်းတိုင်းဝန်ကြီးချုပ်)၊ ဦးမြတ်ကို (တနင်္သာရီတိုင်းဝန်ကြီးချုပ်) တို့ရှိပါတယ်။ ဗိုလ်ချုပ်ကြီးတင်ဦး က ၁၉၄၇ ခုနှစ်မှာ နောက်ဆုံးပေါ့။ စစ်တက္ကသိုလ် ကျောင်းဆင်းပေးသွားတဲ့ ကာကွယ်ရေးဦးစီးချုပ် အနေနဲ့ မှတ်မှတ်ရရ ကျွန်တော်တို့မှာ ရှိနေပါတယ်။ နောက်တစ်ခါထပ်ပြီး မှတ်မှတ်ရရဖြစ်တာ ၁၉၇၆ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးတင်ဦးကို တပ်မတော်က အနားပေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ ဗိုလ်လောင်း တွေကို တိုင်းမှူးလုပ်တဲ့သူက အနောက်မြောက်တိုင်း စစ်ဌာနချုပ်ပေါ့။ မန္တလေးမှာ။ တိုင်းမှူးပေါ့။ ဗိုလ်မှူးချုပ်လှထွန်းပေါ့။ သူကလာပြီး ရှင်းရပါတယ်။ ဗိုလ်ချုပ်ကြီးတင်ဦး တစ်ယောက်တည်း မဟုတ်ဘူးဗျ။ အဲဒီ တုန်းက ဗိုလ်ချုပ်ကျော်ဇော် ပျောက်သွားတာနဲ့ ပတ်သက်ပြီးလည်း ရှင်းရပါတယ်။ ကျွန်တော်တို့တွေ အားလုံးက ကျောင်းဆင်းပွဲလုပ်တဲ့ မြေပြင်ကြီးမှာ ထိုင်နေရပါတယ်။ မှတ်မှတ်ရရ ကျွန်တော့် တပ်မှူးနဲ့ တစ်စုတည်းဖြစ်တဲ့ အခုလက်ရှိ ရှစ်ယောက်မြောက် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျွန်တော့်ရှေ့မှာ ထိုင်ရပါတယ်။ ထိုင်ပြီးတော့ ကျွန်တော်တို့ ဗိုလ်ချုပ်လှထွန်း ရှင်းတာကို နားထောင်နေကြတာပေါ့။ ဗိုလ်ချုပ်ကြီးတင်ဦးကို ဦးနေဝင်းက ရင်ဝယ်သားကဲ့သို့ ဘယ်လိုချစ်ပြီးတော့ ဘယ်လိုဖြစ်လို့ ညာဖြစ်လို့

အများကြီးပဲ ပြောသွားတာပေါ့။ စိတ်ကတော့ မကောင်းဘူး။ အဲဒါ မှတ်မှတ်ရရ ဖြစ်နေတာ ကျွန်တော် ပြောပြတာပါ။ နောက်တစ်ခါ အပြင်ရောက်လာပြီးတော့မှ ဦးဝင်းထိန်နဲ့ ပတ်သက်ပြီးတော့ ဗိုလ်ချုပ်ကြီးကို ကျွန်တော် တစ်ခါဆုံဖူး ပါတယ်။ သူက မနက်တိုင်း လမ်းလျှောက်တယ်။ ကျွန်တော်က မှတ်မိတော့ အင်းလျားလမ်းဆုံနားမှာ ကျွန်တော့်ကားလေးရပ်ပြီး ကျွန်တော် အိမ်လိုက်ပို့ပေးပါရစေဆိုတော့ မပို့နဲ့တဲ့။ ဒါလမ်းလျှောက်တာ ကိုယ်ရဲ့ Exercise တဲ့။ အဲဒါကတော့ ကျွန်တော် နိုင်ငံခြားထွက်ပြီး အလုပ်မလုပ်ခင် ဗိုလ်ချုပ်ကြီးနဲ့ နောက်ဆုံးတွေ့ခဲ့တာပါ။ ဝါရှင်တန်က ဗီအိုအေ သတင်းဌာနကို ရောက်သွားတဲ့အခါကြတော့ ဗီအိုအေ သတင်းဌာနကို အရင်တုန်းကလို ပျင်းစရာတွေ လွှင့်နေရာကနေပြီးတော့ ပြောင်းပြန်လှန်ပစ်မယ်။ အဲဒီ လို လုပ်နိုင်တဲ့သူက တစ်ယောက်ပဲရှိတယ် ဆိုပြီးတော့ အမေရိကန်တွေက စဉ်းစားတယ်။ သူတို့ သဘောကျတာ အခုလက်ရှိ ဗီအိုအေဌာနမှူး ကိုသန်းလွင်ထွန်းရှိတယ်။ ကိုသန်းလွင်ထွန်းဆိုတာ လည်း အခြားသူ မဟုတ်ပါဘူး။ ကိုမင်းကိုနိုင်တို့ ဗကသမှာ တွဲဘက်အတွင်းရေးမှူး။ အဲဒီ ကနေမှ လမ်းခွဲပြီး သူအင်္ဂလန်ရောက်သွားတော့ သန်းလွင်ထွန်းဆိုတဲ့ နာမည်နဲ့ သိပ်တော်တယ်။ ဗီအိုအေက နေပြီးတော့ ခေါ်ညှိတယ်။ သူကလည်း နှစ်နှစ်အချိန်ပေးပါ။ သူရောက်သွားပြီး နှစ်နှစ်လောက်အတွင်း မှာ အခု ကျွန်တော်တို့ လွှင့်နေတဲ့ကဏ္ဍတွေ သူပဲ စဉ်းစားဖန်တီးပြီးတော့ လုပ်တာပါ။ ဟိုတုန်းက ဗီအိုအေက သူရဲ့ပေါ်လစီက အမေရိကားအကြောင်းပဲ ပြောတာ။ သို့သော် အခုကနေစပြီးတော့ အခု ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက်ကြောင့်မို့ ပေါ်လစီကို ပြောင်းတဲ့အခါမှာ ဗီအိုအေက အခန်းကဏ္ဍ မျိုးစုံ ပြောင်းတော့ ကျွန်တော့်အခန်းကဏ္ဍ ပါလာတာကို ပြောချင်လို့ပါ။ ကျွန်တော်ကလည်း စစ်သားဟောင်းဆိုတော့ ဒီမိုကရေစီ အရေးတော်ပုံမှာ တပ်မှူးတပ်သားတွေလည်း ပါခဲ့တာပဲ။ ကျွန်တော်က ၁၉၉၀ မှာ ထွက်သွားတဲ့အတွက်ကြောင့်မို့ ၁၉၈၈ ဖြစ်ပျက်မှုတွေ အကုန်လုံးမှာ ဦးတင်ဦးတို့နဲ့ ပတ်သက်ပြီး

မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ မိုးကောင်းဓမ္မာရုံကအစ ရောက်ဖူး မြင်ဖူးနေတော့ ဒီလိုပုဂ္ဂိုလ်တွေ အပြင်မှာလည်း ရှိတယ်။ အင်တာဗျူးပေးနိုင်တဲ့သူတွေရှိရင် ကျွန်တော်လို့ လုပ်လို့ရနိုင်ပါတယ်။ ကျွန်တော့် ဌာနမှူးက စိတ်ပူတာက ပထမတစ်ယောက်၊ နှစ်ယောက်ရမယ်။ ပြီးရင် ခင်ဗျားဟာ ရပ်သွားမယ်။ နောက်ထပ် အင်တာဗျူးလုပ်လို့ရမှာ မဟုတ်ဘူး တဲ့။ ကျွန်တော်ကလည်း ကျွန်တော်တို့ အင်တာဗျူး ကောင်းအောင် လုပ်နိုင်ရင် နောက်ထပ်ပြောပေးမဲ့ တပ်မှူးဟောင်း တပ်သားဟောင်းတွေ ပေါ်လာလိမ့်မယ်။ ပထမဆုံး ဘယ်သူနဲ့လုပ်လဲ ဆိုတော့ အခုရဲဘော်သုံးကျိပ်ထဲက လက်ရှိကျန်တာ နှစ်ယောက်ပဲ ရှိတယ်။ အဲဒီ အချိန်ကတည်းက ကျွန်တော် တို့တပ်မှူး တပ်သားဟောင်းကို စတာ ၂၀၁၀ ပြည့်နှစ်မှာစတာ။ ဗိုလ်ချုပ်ကျော်ဇောနဲ့ ဗိုလ်ရဲထွဋ်ရှိ တယ်။ ဗိုလ်ရဲထွဋ်ရဲ့ မြေးတွေက သူတို့အဖိုးအတွက် စိုးရိမ်တော့ ဒါပေမဲ့ အရမ်းအသက်ကြီးနေပြီဖြစ် တဲ့အတွက်မို့ ကျွန်တော် မေးချင်တဲ့ မေးခွန်းကို ဒေါက်တာလှကျော်ဇောကိုပြော။ ဒေါက်တာလှကျော် ဇောက ဗိုလ်ချုပ်ကျော်ဇောကို မေးပေးတယ်။ သုံးလေမိနစ် ကျွန်တော့်မေးခွန်းကို ဖြေဖို့အတွက် စကားတွေပြောလိုက်နဲ့ တစ်နေကုန်တယ်လို့ ပြောတယ်။ အဲဒီ တော့ ကျွန်တော်လည်း အရမ်းအားနာ သွားတယ်။ နောက် အန်ကယ်ဦးတင်ဦးနဲ့ အင်တာဗျူးဖို့ ကျွန်တော် ဖုန်းနံပါတ်ရှာ ဆက်သွယ်တော့ အန်ကယ်ဦးဝင်းထိန်တို့နဲ့ ပတ်သတ်ပြီး မေတ္တာရပ်ခံတော့ အန်ကယ်ဦးတင်ဦးက ကျွန်တော့်ကို မမြင်ဖူးပေမယ့်လည်း အင်တာဗျူးကို စပေးပါတယ်။ကျွန်တော် အရမ်းအံ့ဩသွားပါတယ်။ အဖြစ် အပျက်တွေအကုန်လုံး၊ အချိန်ကာလတွေ အတိအကျ အကုန်မှတ်မိတယ်။ သူ့မျက်စီထဲမှာ အကုန်လုံး ရုပ်ရှင်ပြန်ကြည့်သလိုပဲ။ ကျွန်တော်တို့က ရတဲ့အချိန်က နည်းနည်းလေးဆိုတော့ တွက်ရတာ ဆယ်မိနစ်၊ ဆယ့်နှစ်မိနစ်ပေါ့။ ကျွန်တော့်ကို ဌာနမှူးက ဆယ်နှစ်မိနစ်ထက် မပိုစေနဲ့တဲ့။ သူ တနင်္ဂနွေ နေ့ဆို မြန်မာ့ထားတယ်။ နောက်ထပ် ဆယ့်နှစ်မိနစ် ယူထားတာ ကျွန်တော် တစ်ယောက်ပဲ ရှိတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးကို ကျွန်တော် ပထမဆုံး အင်တာဗျူးလိုက်တာ ၅၅ မိနစ် ရှိတယ်။ ၅၅မိနစ်လုံးက လည်း ကျွန်တော်

မဖြတ်ချင်ဘူး။ မဖြတ်လို့လည်း မရတော့ ၇ မိနစ်လောက် ဖြတ်လိုက်ရတယ်။ တပ်မှူးတပ်သား ပြောစကားကို ဗိုလ်ချုပ်ကျော်ဇောရဲ့ အသံ သုံးလေမိနစ်နဲ့ ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ အသံပေါင်းပြီး ကျွန်တော် စတင်ခဲ့ပါတယ်။

ကိုဖိုးစိုင်းရဲ့ စာအုပ်ထဲမှာ ဒီအကြောင်းတွေ အကုန်ပါပါတယ်။ ကျွန်တော် ပြောချင်တာက ဗိုလ်ချုပ်ကြီးတင်ဦးနဲ့ ဒီကဏ္ဍကို လုပ်ကိုင်ခဲ့တာ ဗိုလ်ချုပ်ကြီးတင်ဦးက သဘောထားပြည့်ဝပြီး ကျွန်တော့်ကို ခွင့်ပြုခဲ့ပါတယ်။ အချို့လူကြီးတွေကျတော့လည်း ခွင့်တော့ပြုတယ်။ သူတို့ကိုယ်တိုင် လည်း မေ့နေတာတွေရှိတော့ နည်းနည်းတော့ အခက်ခဲဖြစ်တယ်။ မြန်မာပြည်ကို ဖုန်းခေါ်ရတာ ကလည်း မလွယ်ဘူး။ နံပါတ်တစ်က အသံရဖို့ထက် ဖုန်းခေါ်လို့ရဖို့က အရေးကြီးနေတယ်။ အဲဒီ တော့ ဦးတင်ဦးနဲ့ အကြိမ်ပေါင်းများစွာ ဒီတပ်မှူးတပ်သား ပြောစကား ကဏ္ဍမှာ အကြိမ်ပေါင်းများစွာ လွှင့်နိုင်ခဲ့ပါတယ်။ ခုနက ကျွန်တော် ပြောသလိုပဲ တပ်ထဲမရောက်ခင်မှာကတည်းက ကျေးဇူးရှိသလို ဗီအိုအေ သတင်းဌာန ရောက်သွားတော့လည်း ကျေးဇူးရှိပါတယ်။ ဒီကျေးဇူးတွေကို သတိတရနဲ့ပဲ အားလုံးရှေ့မှာ ထုတ်ဖော်ပြီး အန်ကယ်ဦးတင်ဦးကို ကျေးဇူးတင်ကြောင်း ကျွန်တော် ပြောပါရစေ။ နောက်ဆုံးတစ်ခု ကျွန်တော် ထပ်ပြောပြချင်တာက ဦးတင်ဦး ပြန်လွတ်လာတာက ဖေဖော်ဝါရီ ၁၃ ရက်နေ့။ အဲဒီ နေ့က တာဝန်ကျတဲ့ ကိုကျော်အောင်လွင်က အန်ကယ့်ကို အင်တာဗျူးလုပ်ပါတယ်။ အဲဒီ မှာ အန်ကယ်ဘယ်လောက် ရိုးသားလဲဆိုတာ ကျွန်တော် ပြောချင်လို့ပါ။ ကိုကျော်အောင်လွင်က မေးတယ်။ အန်ကယ်အထဲမှာ နေ့တိုင်းနေ့တိုင်းနေတော့ ညဘက် အန်ကယ် ဘာတွေလုပ်လဲဆိုတော့ အန်ကယ်က ရိုးရိုးသားသားပဲ ပြောတယ်။ ကျွန်တော် ကိုရီးယားဇာတ်လမ်းတွဲကား ကြည့်တယ်။ စွဲတောင်စွဲနေပြီဆိုတော့ ကိုကျော်အောင်လွင်က နားထောင်ပြီး ဒါကို သူဖြတ်မယ်တဲ့။ ဒါကလူတွေ ကြားလို့ မသင့်တော်ဘူးတဲ့။ ကျွန်တော်က ဘာလို့ မသင့်တော်တာလဲပေ့ါ။ နိုင်ငံရေးခေါင်းဆောင် ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့

ကိုရီးယားကားကြည့်တယ်ဆိုတော့ ကျွန်တော်က ကိုကျော်အောင်လွင် ခင်ဗျားစဉ်းစားပါဦးပေါ့။ ပြည်သူလူထုကလည်း ညတိုင်း ကိုရီးယားဇာတ်လမ်းတွဲ ကြည့်နေတာ ဗိုလ်ချုပ်ကြီးတင်ဦးကလည်း ကိုရီးယားဇာတ်လမ်းတွဲ ကြည့်နေတယ်ဆိုတော့ ပြည်သူနဲ့ တစ်သားတည်း ဖြစ်တာကို ပြတာ။ ခင်ဗျား အဲဒါကို မဖြတ်ပါနဲ့ဆိုပြီး အဲဒါလေးပါ လွှင့်ပေးခဲ့ပါတယ်။ ဒါကတော့ အမှတ်တရ ရယ်စရာအနေနဲ့ အမှတ်တရအဖြစ် ပြောပြတာပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

*



## သူရဦးတင်ဦး

ကျွန်တော့်ကို ကြွရောက်ပြီးတော့ အမှာစကား ပြောပေးပါ။ အဲဒါကြောင့်မို့ လာပြောတာပါ။ ကျွန်တော်က ကျွန်တော့်အကြောင်း ပြောရင် ရှက်တတ်တယ်။ တကယ်ရှက်တယ်။ ကျွန်တော်က။ ဘာဖြစ်လို့လဲဆို ကျွန်တော့်အကြောင်းမေးရင်း ကျွန်တော်က ကြုံလို့သာပြောတာ။ ကျွန်တော့် အကြောင်း စာအုပ်တွေထုတ်မယ်။ စာရွက်တွေ ထုတ်မယ်ဆိုရင် ပြောရမှာ ပါးစပ်မရဲဘူး။ ဒါအမှန်တိုင်း ပြောတာပါ။ ကျွန်တော့်အကြောင်းက ဆရာမင်းယုဝေလည်း ပြောသွားပါတယ်။ ကျွန်တော်တို့ ကြီးပြင်းရတာ ဟာ

တောမှာကြီးပြင်းရတာ။ တောမှာ (ဘက) ဘုန်းကြီးကျောင်းတွေရဲ့ အသွန်အသင် အဆုံးအမတွေနဲ့ ကြီးပြင်းလာရတာ ဆိုတော့ ငယ်ငယ်ကတည်းက ဗုဒ္ဓအဆုံးအမ စွဲတယ်ပေါ့ဗျာ။ ကျွန်တော့်တစ်သက်မှာ ကျွန်တော်ဟာ မိဘအပေါ် အများကြီး ကောင်းခဲ့တယ်။ ဒီနေ့ မျက်စိနှစ်လုံး မှိတ်ရသည့်တိုင်အောင် ဖခင်နဲ့မိခင်အပေါ်မှာ စိတ်အချမ်းသာဆုံး အကူအညီပေးနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အဖေက ဂမ်းရောဂါနဲ့ဆုံးတော့ ကျွန်တော်က အိမ်မှာ သားအကြီးဆုံး ဖြစ်တယ်။ ဒါပေမဲ့ မဖြစ်ဘူး အမေအိုကို လုပ်ကျွေးရတယ်။ ကျောင်းမှာလည်း ဂျပန်စာသင်ရင်းနဲ့ ဂျပန်စကားပြန် ခဏဝင်လုပ်ပြီး စိတ်ရှုပ်တာနဲ့ ကိုရင် (သာမဏေ) လုပ်။ အဲဒီ မှာ အမေက ကိုရင်ပရိယတ္တိ အကုန်ပြီးအောင်လုပ်။ အဲဒီ ကနေ ကိုရင်ထွက်ပြီး စစ်ထဲဝင် ဒီဘက်ခေတ် အရေးအခင်း မဖြစ်ခင်မှာ အုန်းကျော်မြင့်ကိစ္စ ဖြစ်တာ ရှိသေးတယ်။ အုန်းကျော်မြင့် ကိစ္စဖြစ်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ပါတယ်ပေါ့။ အမှန်ကပါတယ်ဆိုတာက သူတို့တွေ မခံမရပ်နိုင်ဖြစ် နေတဲ့ ကိစ္စကို လာပြောတာ ဆိုတာတွေကတော့ ရှိတယ်။ နောက်ဆုံး ဒါနဲ့ပတ်သက်လို့ ပြစ်ဒဏ်ကျ သွားတယ်။ ဒါကြောင့်မို့ တစ်ခါတလေမှာ တရားရတယ်။ သံဝေဂရတယ်။ တစ်ချိန်တုန်းကတော့ လျှမ်းလျှမ်းတောက် ဗိုလ်ချုပ်ကြီး။ တရားရုံးမှာလည်း တပ်မတော်ရဲ့ အယူခံတွေမှာ လုပ်ရတဲ့ တရားသူ ကြီးအဖြစ် တာဝန်ထမ်းဆောင်ရတယ် ဆိုတော့ အချုပ်ကျပြီး အထဲဝင်သွားရတဲ့အချိန်မှာ အကျဉ်းသမား။ လူတကာရဲ့ အောက်ကို ရောက်သွားပြီးတော့ စလာပြီး အမိန့်ပေးတာကိုက ဟော့ကောင်၊ ဘာညာ ဖြစ်လာပြီ။ အထဲဝင်လာတဲ့ကောင်က အပြစ်ကျလို့ ဝင်လာတာ။ ဗိုလ်ချုပ်ကြီး မကလို့ ဘာဖြစ်ဖြစ် ပြစ်ဒဏ်ကျလာတဲ့ တရားခံတွေလို အကျဉ်းသားတွေလို ဆက်ဆံခံရမယ်ဆိုတော့ စပြီး စိတ်ဆင်းရဲစရာ သံဝေဂရတယ်။ အဲဒီ လိုအမှုမဖြစ်ခင်မှာလည်း ကလေးက အင်မတန် မကျန်းမာလို့ ဆေးကုပြီး ကောင်းနိုးနိုးနဲ့ ဆုံးသွားတယ်။ သင်္ဂြိုဟ်ပြီးလို့ ရက်လည်တဲ့နေ့မှာ တာဝန်က ရပ်တယ်။ တာဝန်ကရပ်ပြီး မကြာခင်မှာ ဒါနဲ့ပတ်သတ်လို့ ဒီလိုဒီလိုဖြစ်တယ် ဆိုတော့ အကုသိုလ်ဝင် တာ သိပ်ဆိုးတော့ အကုသိုလ်ပြေအောင်

တရားအားထုတ်မှုပဲဆိုပြီး ထွက်လာတော့ နောက်တစ်နေ့ မှာ မိခင်ကို ခွင့်တောင်းပြီး ကျွန်တော်ချက်ချင်း ရဟန်းဘောင်ဝင်လိုက်တယ်။ မိခင်ကြီးဆုံးသည် အထိပါပဲ။

ကျွန်တော် ဆွမ်းခံကြွတော့လည်း ဆွမ်းလောင်းမယ့်အတန်းက ပထမတော့ ကျွန်တော်မှန်း မသိဘူးဗျ။ နောက်တော့ ကျွန်တော်မှန်း သိတဲ့အခါကတော့ ဆွမ်းကို မြန်မြန်လောင်းပြီးတော့ ကျွန်တော့်အလှည့် ကျတော့ ကန်တော့ဆွမ်းပါဆိုပြီး ဖြစ်တယ်။ သူတို့က စကားပြောရမှာကို ကြောက်တယ်။ ဒါကြောင့်မို့ ဒီစာအုပ်ရေးတဲ့အခါမှာ ကိုစိုင်း ဒီကလေးတွေ ပုဂ္ဂိုလ်တွေလည်း အများကြီးကျေးဇူးတင်ပါတယ်။ ဘာလို့လဲဆို ဒီစာအုပ် မျက်နှာဖုံးပုံဟာ ကျွန်တော် မြင်ဖူးလိုက်တဲ့ ပုံပဲ။ ဒါပေမဲ့လို့ ဒီပုံဟာ ကျွန်တော့်ဆီမှာ မရှိဘူး။ ဘာဖြစ်လို့လဲဆို ကျွန်တော့်ကို တပ်မတော်က အရေးယူလိုက်ပြီးတဲ့ နောက်ပိုင်း ကျွန်တော်နဲ့ ပတ်သတ်တဲ့ ဓာတ်ပုံ စာရွက်စာတမ်းဓာတ်ပုံမှန်သမျှ အကုန်ဖျက်ဆီးပစ်လိုက်တယ်။ ဘယ်မှာမှ ရှာလို မရဘူး။ ဒီပုံက အခုမှ ကျွန်တော် ပြန်မြင်ဖူးတဲ့ပုံပါ။ ဓာတ်ပုံတွေ တော်တော်များများက သူ့ဟာနဲ့သူ ကြိုးစားရှာပြီး ကျွန်တော့်မှာရှိတဲ့ လက်ကျန်ပုံနဲ့ ပေါင်းလုပ်ထားတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ကြီးပြင်းလာရတာ က အမြောက်သံ၊ ဗုံးသံတွေနဲ့ ကျည်ဆန်သံ၊ သေနတ်သံတွေကြားမှာ ကြီးပြင်းလာ ရတာ ။ တစ်ခုတော့ ရှိတယ်။ ကျွန်တော် သစ္စာလည်း ဆိုရဲတယ်။ ပြောလည်းပြောရဲတယ်။ ကျွန်တော် ဒီနေ့ စစ်ဗိုလ်စစ်သားလုပ်ခဲ့တဲ့အချိန်မှာ တစ်ယောက်ကိုမှ ကျွန်တော့်အမိန့်နဲ့ မသတ်ခဲ့ဘူး။ ဥပဒေအရ အရေးယူတာ ရှိပါတယ်။ ငယ်ရွယ်တဲ့သူတွေဟာ သေနတ်ကို သိပ်ကိုင်ချင်ကြတယ်။ လုပ်ချင်ကြတယ် စွန့်စားချင်ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော် စတွေ့တဲ့အခါမှာ ကျွန်တော်က မျိုးချစ်ရဲ ဘော်ဟောင်းများအဖွဲ့က ပေါင်းကြမယ်ဆိုတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော် သွားတွေ့ပါတယ်။ အဲဒီ မှာ စကားပြောကြည့်တဲ့အခါမှာ

ဗိုလ်ချုပ်အောင်ဆန်း သမီးပီပီ ဗိုလ်ချုပ်အောင် ဆန်း၏ ကိုယ်ပွားဆိုတာ ပေါ်လာတယ်။ ဒီအမျိုးသမီးလေးဟာ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်ပွားပဲ။ သူလုပ်ရင် ဖြစ်တယ်။ သူ့ရဲ့ ပြောပုံဆိုပုံက ဖြစ်နိုင်တယ်ဆိုပြီးတော့ ကျွန်တော် အဲဒီ ပတ်သက်တာကို ခင်ဗျား အောင်မြင်တဲ့အထိ ကူညီမယ်ဆိုပြီး ဒီနေ့ထိ လက်တွဲလုပ်လာတာ ဖြစ်တယ်။

ဒီလိုစာအုပ်နဲ့ ပတ်သက်ပြီး ရေးချင်ကြတဲ့သူတွေလည်း အများကြီးပဲ။ RFA, VOA ကိုလည်း ကျေးဇူးတင်းပါတယ်။ နောက်တော့ ကိုဖိုးစိုင်းက သူ့စာမူ တစ်ထပ်ကြီးယူလာပြီး ပေါက်ချလာတယ်။ ပထမက ကျွန်တော် ငြင်းပါသေးတယ်။ ဒီစာအုပ်ထဲမှာပါတဲ့ ဥစ္စာက ကျွန်တော်ပြောဖို့ရှိတဲ့ဟာ အချက်အလက်တွေထဲက လေးပုံတစ်ပုံပဲ ရှိပါသေးတယ်။ ပြောသင့်မပြောသင့် ကျန်တာတွေ အများကြီးရှိတယ်။ ဒီထဲမှာပါတဲ့ အချက်အလက်တွေက ကမန်းကတန်း လုပ်ရတာ ဖြစ်တဲ့အတွက် သူကလည်း သူရလာတဲ့ အချက်အလက်တွေ စုပြီး တင်လာတော့ ကျွန်တော်လည်း အချိန်လု ဖတ်ရတာ ပေ့ါ။ ကျွန်တော်လက်ထဲမှာကိုက လချီကြာနေတယ်။ တချို့ အချက်တွေမှာ အမည်တွေနဲ့ ပတ်သတ်ပြီးတော့ လွဲမှားနေတာတွေ ပြင်စရာပြုစရာလေးတွေ ပါတာကို နောက်ဒုတိယအကြိမ်မှာ ပြည့်ပြည့်စုံစုံ၊ မှန်မှန်ကန်ကန် လုပ်သွားပ့ါမယ်။ လိုအပ်တဲ့ စာအုပ်က ပိုကောင်းပါလိမ့်မယ်။ အခု ကျေးဇူးတင်စကား ပြောချင်တာကတော့ ဒါကို ဖြစ်မြောက်အောင် ကူညီပြီးတော့ လုပ်ကိုင်ပေးကြတဲ့ ပုဂ္ဂိုလ်တွေ အားလုံးကို အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော် စာအုပ်လည်း တစ်ခါမှ မထုတ်ဖူးပါဘူး။ ဒီစာအုပ်ထွက်လာတဲ့အချိန် ဒီပုံကိုပြလိုက်တဲ့အချိန်မှာ ကျွန်တော် တော်တော် အံ့သြ သွားတယ်။ ဒါကြောင့်မို့ မီဒီယာလောကဟာ အင်မတန် ကျယ်ပြန့်ပါတယ်။ နောက်ပြီးတော့ မီဒီယာလောကဟာယ စတုတ္ထမဏ္ဍိုင် ဖြစ်တယ်။ ဒီနေ့ အစိုးရက ဒါကို နားလည်ရမယ်။ ဒီနေ့ မှန်မှန်ကန်ကန် ပြောစတမ်းဆိုရင် စတုတ္ထမဏ္ဍိုင်ဟာ အောင်မြင်ရာ အောင်မြင်ကြောင်းတို့ရဲ့ အဓိကမဏ္ဍိုင် ဖြစ်လာပြီ

ဆိုတာကို နားလည်ရမယ်။ ဒါကြောင့်မို့ မဏ္ဍိုင်လောကကို မချုပ်ချယ်ပါနဲ့။ ပွင့်လင်းအောင် လုပ်ပေးပါ။ သူတို့ရဲ့ လွတ်လပ်မှုကို ဖြစ်စေချင်တယ်။ သူတို့ရဲ့ အတွေးအခေါ်တွေကို ရှင်သန်စေချင်တယ်။ သူတို့က ဒါကိုစပြီး လွတ်လွတ်လပ်လပ် လုပ်ရတဲ့အတွက် မကျွန်းမကျင်ဖြစ်တဲ့ ကိစ္စတွေကိုတော့ သင်ရင်းကြားရင်း လုပ်ရင်းကိုင်ရင်း တတ်လာပါလိမ့်မယ်။ နားလည်လာပါလိမ့်မယ်။ ဒါကိုအားပေးပါ။ ဒီစာအုပ်မှာပါတဲ့ အချက်တွေသည် တတ်နိုင်သမျှတော့ မှန်အောင်ပြင်တာပါပဲ။ သို့သော် အချို့နေရာလေးမှာ နာမည်လေး လွဲသွားတာ ရှိပါတယ်။ ဥပမာ ငွေစက္ကူကိစ္စမှာဆိုရင်ဖြစ် တဲ့ ဗိုလ်မှူးကြီးက တစ်ယောက်၊ စာအုပ်မှာပါတဲ့ နာမည်က တစ်ယောက်ဖြစ်တာ ပြင်ဖို့လိုပါတယ်။ အာဏာသိမ်းတဲ့ အချိန်တုန်းက ကျွန်တော့် စိတ်ထဲမှာ နည်းနည်းပါးပါး ဂမ်းသာမိတယ်။ ကြည်နူးမိ တယ်ဆိုတာ အမှန်ပဲ။ ငါတို့ ကာကွယ်ရေး ဦးစီးချုပ်ကြီးက တိုင်းပြည်ကို ကောင်းအောင်လုပ်မလို့တဲ့။ ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုမှာ ကယ်တင်တော့မယ်တဲ့ဟဲ့။ ဆိုတဲ့အခါ အနောက်မှာ တာဝန်ရှိ တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ပခုံးထမ်းတင်ပြီး ကူညီချင်စိတ်တွေ ပေါက်ခဲ့တယ်။ လုပ်ခဲ့တယ်။ ဒါတွေကအ မှန်ပဲ။ သို့သော်လည်း လုပ်ရင်းကိုင်းရင်း မှားတာတွေ မပြေလည်တာတွေ ဖြစ်လာတဲ့အခါကျတော့ ၁၉၆၀ တုန်းက အခြေအနေနဲ့ အခုအခြေအနေ အတူတူပါပဲ။ ဟိုတုန်းက ကင်းထောင်တွေ ဖွဲ့တယ်။ အခုလည်း ကင်းထောက်တွေ ဖွဲ့တယ်။ ဟိုတုန်းက လူရည်ချွန်တွေ လုပ်တယ်။ အခုလည်း လူရည်ချွန် တွေ ပြန်လုပ်တယ်။ ပုံစံတွေက ရှေ့ကို တိုးတက်ဖို့ လုပ်တဲ့အပိုင်းမှာ သိပ်တော့ အားရစရာ မရှိဘူး။ ရပ်နေတယ်။ တန့်နေတယ်။ စောစောကတော့ ဒီမိုကရေစီလမ်းပေါ် လျှောက်နေပြီလို့ ပြောကြတယ်။ အခုပုံကတော့ ဒီမိုကရေစီ လမ်းထောင့်မှာ တစ်နေတယ်။ တန့်နေတယ်။ ကျွန်တော် ထပ်ပြီး ကျေးဇူးတင်တာက ဒါကိုဖြစ်မြောက်အောင် ဝိုင်းဝန်းပြီးတော့ လုပ်ကိုင်ပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီကလေးက ဉာဏ်ကောင်းတယ်။ သူက အစကနေအဆုံး မလုပ်ဘူး။ သူက စလုပ်ကတည်းက

သူ့ဟာနဲ့သူ မှတ်ထားပြီးတော့ စာမူတစ်ထပ်ကြီးကို ခုံပေါ်လာတင်ထားတာပဲ။ ကျွန်တော်လည်း ပထမတုန်းကတော့ ငြင်းပါသေးတယ်။ ကျွန်တော့်ဘာသာ ကျွန်တော်ရေးပါဆိုတော့ လည်း ဟိုခြစ်ဒီခြစ်ထားတာတွေ ရှိပါတယ်။ နောက်ဆုံး နိဂုံးချုပ်ချင်တာကတော့ ကျွန်တော်က ၈၈ နှစ်ရှိပါပြီ။ နောက်နှစ် ရွေးကောက်ပွဲလုပ်တဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ၇၀ တန်းထဲမှာ။ ကျွန်တော်ကလည်း ၉၀ တန်းထဲမှာ။ ကျွန်တော်တို့လည်း အသက်အရွယ်ကရလာပြီးဖြစ်တော့ နောက် လူငယ်တွေကို နေရာပေးရပါမယ်။ အခုတော့ တရားလည်းအားထုတ်ထားတော့ အသက်ကလည်း ရလာတော့ ခုနက ထိုင်းရင်းစဉ်းစားတယ်။ မြတ်စွာဘုရားဟောထားတဲ့ အတိုင်း လူ့ရယ်လို့ဖြစ်လာ ရင်လောကဓံတရား ရှစ်ပါးတော့ တွေ့ရမှာပဲ။ မလွဲဘူး။ ကျွန်တော်တို့ ခုနက ပြောသလိုပေါ့ဗျာ။ လာဘ် လာဘ်ရှင်တာ ရှိမယ်။ အခြွေအရံ သင်းပင်းပေါ်တာ ရှိမယ်။ ချီးမွမ်းတာတွေလည်း ခံရမယ်။ အဲဒီ ချီးမွမ်း တာတွေ ပျောက်ပြီးတော့ ကဲ့ရဲ့တာတွေလည်း ရှိမယ်။ ချမ်းသာတာရှိသလို ဆင်းရဲတာလည်း ရှိမယ်။ ဒီစာအုပ်နဲ့ ပတ်သက်လို့ ပြောချင်တာက အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်က ကိုယ့်အ ကြောင်း ကိုယ်ပြောရမှာ ရှက်တတ်တာနဲ့ ဩော်.......လောကဓံတရားဆိုတာ မပြောတတ်ဘူး။ ဘယ် လိုမှန်းမသိဘူး။ နောင်သော်အခါမှပေါ့ ဒီစာအုပ်နဲ့ ပတ်သက်လို့ ဘယ်လိုများ ပြောကြဆိုကြမလဲလို့။ ပြောကြဆိုကြလာရင်လည်း မြတ်စွာဘုရား ဟောတဲ့ အတိုင်းပဲ စိတ်ထဲက တုန်လှုပ် ချောက်ချားစရာ အကြောင်း မရှိပါဘူး။ တိုင်းပြည်ကို အမှန်ဘက်ရောက်အောင် ပြည်သူလူထုအနေနဲ့ ဝိုင်းပြီး ကူညီဖေး မ စောင့်ရှောက်ပေးပါလို့ ပြောရင်း နိဂုံးချုပ်အပ်ပါတယ်။

*




**ဆရာဦးခင်မောင်စိုး (RFA)**

မြန်မာ့နိုင်ငံရေးမှာ ကျင်လည်ဖြတ်သန်းနေတဲ့လူတွေရဲ့ အတွေ့အကြုံတွေကို RFA လွတ်လပ် တဲ့အာရှအသံမှာ စတင်တာဝန်ထမ်းဆောင်ချိန်ကစပြီး ပုံရိပ်လွှာအစီအစဉ်ကနေ ကျွန်တော်တတ်စွမ်း သမျှတင်ဆက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အပတ်စဉ် အခန်းဆက်အဖြစ် အကျယ်တဝံ့ထုတ်လွှင့်ခဲ့တာ က ဦးမန်းငြိမ်းမောင်၊ ဦးလွင်၊ ဦးထွေးမြင့်၊ ဦးဝင်းတင်၊ ဗိုလ်ချုပ်ကျော်ဇောနဲ့ ဦးတင်ဦးတို့ရဲ့ အတ္ထုပ္ပတ္တိ တွေဖြစ်ပါတယ်။ ဗိုလ်ချုပ်ကျော်ဇော်ရဲ့ အတွေ့အကြုံတွေကိုတော့ ကျန်းမာရေးကြောင့် သူ့သမီးဒေါက် တာ လှကျော်ဇောက ကိုယ်စားတင်ပြခဲ့ပါတယ်။

ကျွန်တော် RFA မှာ ပြည်သူ့ဘက်ကဗိုလ်ချုပ်ကြီး တစ်ယောက်ဆိုတဲ့

ခေါင်းစဉ်နဲ့ တင်ဆက်ခဲ့ တဲ့ကာကွယ်ရေးဦးစီးချုပ်ဟောင်းဦးတင်ဦးရဲ့ ကိုယ်တွေ့ပြောကြားချက်တွေကို ကိုဖိုးစိုင်းက စာအုပ် ထုတ်လိုတယ်လို့ ပြောတဲ့အခါ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပါတယ်။ တစ်ကယ်တော့ကျွန်တော်တို့ RFA ကလွှင့်ထုတ်ပြီးသား အစီအစဉ်တွေတွက် တစ်စုံတရာခွင့်တောင်းဖို့မလိုပါ။ ဌာနကလွှင့်ထုတ်ခဲ့တာ ဖြစ်ကြောင်း အသိအမှတ်ပြုမယ်ဆိုရင် လွှတ်လပ်စွာပြန်လည်ဖြန့်ချိနိုင်သလို အခကြေးငွေလည်း တစ်စုံတစ်ရာပေးဖို့ မလိုပါ။ ကျွန်တော်တင်ဆက်ခဲ့တဲ့ အစီအစဉ်တွေထဲက စာအုပ်အဖြစ် ဦးမာန်းငြိမ်း မောင်နဲ့ ဆရာဦးဝင်းတင်တို့ရဲ့ အတွေ့အကြုံတွေထွက်ရှိပြီးပါပြီ။ ဗိုလ်ချုပ်ကျော်ဇောရဲ့ အတွေ့အကြုံ တွေကတော့ မူလကတည်းကစာအုပ်ထုတ်ထားပြီးသားဖြစ်ပါတယ်။

ကျွန်တော်ဒီလိုတင်ဆက်ခဲ့တဲ့ တစ်ခုတည်းသောရည်ရွယ်ချက်ကတော့ မြန်မာ့သမိုင်းမှာ ပါဝင်ခဲ့သူတွေရဲ့ အတွေ့အကြုံတွေကို သူတို့ရဲ့ကိုယ်ပိုင်အသံတွေနဲ့ မှတ်တမ်းတင်လိုခြင်းပါပဲ။ ကျွန်တော်အခန်းဆက်တင်ပြခဲ့သူတွေထဲက သက်ရှိထင်ရှားအဖြစ် ဦးမန်းငြိမ်းမောင်နဲ့ ဗိုလ်ချုပ်ကြီး ဟောင်း ဦးတင်ဦးတို့ပဲကျန်ပါတော့တယ်။ ကျွန်တော် အကြံပေးလိုတာကတော့ ဒီပုဂ္ဂိုလ်တွေရဲ့ပြော ကြားချက်တွေကို စာအုပ်ထုတ်တဲ့အခါ သူတို့မူရင်းအသံဖိုင်တွေက ပိုမိုခိုင်မာအားရှိ အမှတ်တရဖြစ် မှာအမှန်ပါပဲ။ သူတို့ရဲ့ အတွေ့အကြုံတွေဟာ မြန်မာ့သမိုင်းကိုလေ့လာသူတွေအတွက် တစ်စုံတရာ အထောက်အပံ့ဖြစ်စေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ RFA လွှတ်လပ်တဲ့အာရှအသံကို သူအပြင် စာအုပ်ဖြစ်မြောက်ရေးမှာ ပါဝင်သူအားလုံးကို ကျေးဇူးအထူးတင်ကြောင်း ပြောကြား ခွင့်ပြုပါ။ ဖတ်ရှုသူအားလုံးလည်း ဘဂအမော သောကအထွေထွေက ကင်းငြိမ်းပြီး ရွှင်လန်းချမ်းမြေ့ကြ ပါစေ ခင်ဗျာ။

ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်းသူရဦးတင်ဦး စာအုပ်အတွက် email ဖြင့်ပေး ပို့လာသည့် ဆရာဦးခင်မောင်စိုး (RFA) ၏

အမှတ်တရစကား။

*



## ဖိုးစိုင်း (ဂျာနယ်လစ်)

ဒီနေ့ဘဘဦးတင်ဦးရဲ့ ပြည်သူချစ်သောကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင်ဦး စာအုပ်မိတ်ဆက်ပွဲနဲ့ ဘဘဦးတင်ဦးကိုကျေးဇူးတင်ဂုဏ်ပြုတဲ့ အခမ်းအနားကို တက်ရောက်လာတဲ့ လူကြီးမင်းများအားလုံးမင်္ဂလာပါဗျာ။ ကျွန်တော်တို့ဒီ ၈၈ ခုနှစ် နောက်ပိုင်းမှာမွေးဖွားလာတဲ့ ဒဂုံတက္ကသိုလ်လို မြို့စွန်မြို့ဖျားမှာကျောင်းတက်လာခဲ့ရတဲ့ ကျွန်တော်တို့ကျောင်းသားတွေဟာ သမိုင်းအလိမ်ခံခဲ့ရတဲ့မျိုးဆက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့လိုနောင်မျိုးဆက်သစ် ကျောင်းသားတွေ အတွက် သမိုင်းအလိမ်မခံရအောင် တစ်ခါမှထုတ်ဝေဖူးခြင်းမရှိသေးတဲ့ ဘဘဦးတင်ဦးစာအုပ်ကို ရေးသားပြုစုဖို့

ဆရာဦးသာညဏ် (ရန်ကင်း) က ကျွန်တော့်ကို ပထမဦးဆုံးအကြံပေးတိုက်တွန်းခဲ့ပါတယ်။ အဲဒီ လိုကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ ဘဘဦးတင်ဦးရဲ့ အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားပြုစုဖို့ တိုက်တွန်းခဲ့တဲ့ဆရာဦးသာညဏ် (ရန်ကင်း)ကို ကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ဖြစ်ဖို့ ဘဘဦးတင်ဦးဆီက ကျွန်တော်အင်တာဗျူးတောင်းတဲ့အခါမှာ ဘဘဦးတင်းဦးကအစအဆုံး ပြန်မပြောနိုင်တော့ကြောင်း မောနေပါပြီဆိုပြီးပြောပါတယ်။ ကျွန်တော်လည်း အဲဒါနဲ့ပဲဘဘဦးတင်ဦး အင်တာဗျူး ဖြေထားတဲ့ ရေဒီယိုသတင်းဌာနတွေဖြစ်တဲ့ RFA ကဆရာဦးခင်မောင်စိုးနဲ့ VOA ကဆရာဦးရော်နီညိမ်း တို့ အင်တာဗျူးတွေကို ကျွန်တော်ခွင့်ပြုချက်တောင်းရပါတယ်။ ကျန်တဲ့လိုအပ်နေတာတွေကိုတော့ ကျွန်တော်ရှာဖွေဖတ်ရှုပြီး ဘဘဦးတင်ဦးရဲ့ဘ၀အတ္ထုပ္ပတ္တိကိုပထမဆုံး အကြိမ်အဖြစ်ရေးသား ပြုစုခွင့်ရတဲ့အတွက် ကျွန်တော်ဂုဏ်ယူမိပါတယ်။

အဲဒီ လိုရေးသားတဲ့အခါမှာလည်း ကျွန်တော်လက်လှမ်းမမီတဲ့အကြောင်း အရာအချို့ကို ကျွန်တော့်အဖေဆီက အကူညီတောင်းရပါတယ်။ ဒီနေ့ကျင်းပပြုလုပ်တဲ့ ဘဘဦးတင်ဦးကို ကျေးဇူးတင်ဂုဏ်ပြုအခမ်းအနားမှာ အမှတ်တရဂုဏ်ပြုစကား လာရောက်ပြောကြားပေးကြတဲ့ ဆရာကြီး မင်းယု၀ေ၊ အန်ကယ်ဦး၀င်းထိန်၊ ဆရာမောင်မိုးသူ၊ ဆရာမုံရွာအောင်ရှင်၊ ဆရာဦးရော်နီညိမ်းနဲ့ ဒီအခမ်းအနားဖြစ်အောင် စီစဉ်ပေးသလို ပြည်သူချစ်သောကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင် ဦး စာအုပ်ကို ထုတ်၀ေဖြန့်ချိပေးတဲ့ မဇ္ဈိမစာပေအဖွဲ့သားကိုလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။



ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင်ဦး စာအုပ်မိတ်ဆက်ပွဲနှင့် သူရဦးတင်ဦးအား ကျေးဇူးတင်ဂုဏ်ပြုခြင်းအခမ်းအနား (၁၉.၈.၂၀၁၄)တွင် သူရဦးတင်ဦးနှင့် မဇ္ဈိမစာပေတိုက်အဖွဲ့သားများအမှတ်တရ။ ဓာတ်ပုံ-မိုးခွား



*

## ကာကွယ်ရေးဦးစီးချုပ်ဟောင်း(ဟောင်း) သူရဦးတင်ဦး၏ ဥယျောဇဉ်

ပြည်သူချစ်သော ဗိုလ်ချုပ်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ ဗိုလ်ချုပ်ကြီးသူရဦးတင်ဦး၏ ကိုယ်ရေးသမိုင်းကြောင်းအကျဉ်း စာအုပ်ငယ်ထုတ်ရန် လွတ်လပ်သောအာရှရေဒီယို(အာရ်အက်ဖ်အေ )မှ တာဝန်ခံတို့က ကျွန်တော်နှင့်ဆက်သွယ်၍ ပြောကြားချက်များကို နှစ်ပေါက်အပတ်စဉ် အသံလွှင့် ခြင်းပြုလုပ်ခဲ့ပါသည်။ ထိုသတင်းဌာန၏ အသံလွှင့်ချက်များကို အပတ်တကုတ် မနေမနား စုဆောင်း ထား၍ ယခုအခါ ဂျာနယ်လစ်စာဆောင်မှ“ ဖိုးစိုင်း” ဆိုသူက စုဆောင်းရခြင်းများအပေါ် သင့်တော် ကောင်းနိုးရာရာများကို စာအုပ်ငယ်တစ်ခုဖြစ်အောင် အထူးအားထုတ် ကြိုးပမ်းထုတ်လုပ်သည်ကို အမှာစာရေးသားပေးရခြင်းအတွက် ဝမ်းမြောက်လျက်ရှိပါသည်။ သူ၏ သည်းခံ၊ စိတ်ရှည်စွာဖြင့် အ ချိန်များစွာယူ၍ ဖြစ်မြောက်အောင် ဆောင်ရွက်သည်ကိုလည်း ကျေးဇူးတင်မိပါသည်။

ယခုထုတ်ဝေသည့် အပိုင်းသည် ကျွန်တော် နောက်ဆုံး ၂၀၀၃ ခုနှစ်၊ မေလကုန်၊ ဒီပဲယင်းအနီး ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မသမာအစွန်းရောက် ရမ်းကားသူ လူမိုက်တစ်အုပ်ကြီး ၏ သမိုင်းဝင်တိုက်ခိုက်ခံရပြီး ကံကောင်းထောက်မ၍ အသက်ဘေးမှ လွတ်မြောက်သော်လည်း အရိ ခံရသူတို့က တရားခံဖြစ်ကာ စေသူ၊ ညွှန်ကြားသူ၊ အမိန့်ပေးသူ၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်ပါ ဝင်သူတို့က တရားလိုပြုကာ ကလေးထောင်တွင် ၈ လ၊ ထို့နောက် နေအိမ်အချုပ်ကျခံ ငါးနှစ် စုစုပေါင်းခြောက်နှစ်ခန့် အကျဉ်းကျခံပြီး လွတ်မြောက်ခဲ့သည်။ ၂၀၁၀

နှစ်စပိုင်းလောက်မှစ၍ (အာရ် အက်ဖ်အေ) မြန်မာသတင်းဌာမှူး၏ အစီအစဉ်အရ ဆက်သွယ်တာဝန်ယူသူများအား ဘဂကောက် ကြောင်း ကိုယ်ရေးသမိုင်း ပြောကြားချက်များကို အပတ်စဉ်တစ်ကြိမ်၊ တစ်ခါတစ်ရံ သမိုင်းအရ လေး နက်သည့် ပြောကြားချက်များကို ထပ်ခါထပ်ခါ အကြိမ် ပေါင်း (၂၀၀) ကျော်ခန့် အသံလွှင့်ပေးခြင်းများ ပြုခဲ့ပါသည်။ ထိုဆောင်ရွက်ပေးခြင်းများကိုလည်း အာရ်အက်ဖ်အေဌာနမှူးတွင် ကူညီအားပေးဆောင် ရွက်သူတာဝန်ခံ မြန်မာ ဝန်ထမ်းဌာနမှူးနှင့်တကွ အခြားဝန်ထမ်းများ အားလုံးကိုလည်း ကျေးဇူးတင်စွာအထူးအမှတ်သတိ ရလျက်ရှိပါသည်။

အချို့အသံလွှင့်ချက်များတွင် လေးနင်စေရန် သမိုင်းအတွက် ဖြစ်လိုဖြစ်ငြား သင်ခန်းစာ၊ ကြောင်းကျိုးရာ၊ နောင်လူများ သိရှိနိုင်ရန်သာ ဖြစ်ပါသည်။ ကျွန်တော်သည် တပ်မတော်မှ ထမ်း ဆောင်သည့်တာဝန်များ နုတ်ထွက်ပြီးနောက် ကျွန်တော်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ အ မှတ်အသားများ အားလုံးဖျက်ဆီးပစ်လိုက်ကြရသည်ဖြစ်၍ လည်းကောင်း၊ ကျွန်တော်ကို မည်သည့် စစ်သည်ဝန်ထမ်း စသည်တို့မှဆက်သွယ်မှုများ မရှိနိုင်တော့သဖြင့် ပတ်သက်နိုင်သည့် စာရွက်များ မ ရှိသလောက် ဖြစ်၍ လည်းကောင်း၊ ရှာဖွေရန်ခက်ခဲသည်ဖြစ်၍ နှစ်ပေါင်း (၁၅) နှစ်ကျော်ခန့် အကျဉ်း ထောင်၊ အကျဉ်းစခန်း၊ အိမ်ချုပ် စသည်တို့ကြောင့် မဆက်သွယ်နိုင်ခဲ့ပါ။ ယခုပြောကြားချက်နှင့် ပြန် လည်ရေးသားချက်တို့ အားလုံး ကောင်းမွန်စွာမှန်ကန်မှတ်မိသည်တို့ကိုသာ အနီးစပ်ဆုံး ပြောကြား တင်ပြနိုင်ခြင်းသာ ဖြစ်ပါသည်း။

"ပြည်သူဘက်က ဗိုလ်ချုပ်ကြီး" ဟု ကင်ပွန်းခေါင်းစဉ်အမည် တပ်ပေးလိုက်သော အာရ်အက်ဖ် အေမြန်မာအသံလွှင့်ဌာနကြီးအား အလွန်ဂမ်းမြောက် နှစ်ထောင်းအားရ ကြည်နူးဂမ်းသာမဆုံးပါ။

ကျွန်တော်မှတ်မိပါသေးသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ရွေးကောက်ပွဲဖြင့် ပထမဆုံးအကြိမ်၊ ပထမဆုံးလွှတ်တော်တွင် "ပြည်သူ့ရဲ" အခေါ်အဝေါ်နှင့် "ပြည်သူ့တပ်မတော်" အခေါ်အဝေါ် အစွဲပြု၍ အဆိုတင်ရန်ဖြစ်ပါသည်။ ကျွန်တော်သည် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဘ၀ တာဝန်ယူစဉ် "ပြည်သူ့တပ်မတော်" ဟု ကပ်ပွန်းတပ်အခေါ်အဝေါ်ကို အဆိုတင်ရန် သဘောမတူခဲ့ပါ။ အကြောင်းပြချက်မှာ လွှတ်တော်တွင်တင်ရန် ဂုဏ်ပြုအမှတ်အသားပြု၍ ပြန်တမ်း ထုတ်ခေါ်စေခြင်း၊ အမိန့်သတ်မှတ်၍ လည်းကောင်း၊ ညွှန်ကြား၍ လည်းကောင်း ခေါ်ဝေါ်စေခြင်းသည် ဂုဏ်သိက္ခာ မရှိနိုင်ပါ။ တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ ချစ်ခင်လေးစားကြည်ညို၍ "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဟူသော ဗိုလ်ချုပ်အောင်ဆန်း စစ်သေနာပတိ၊ စစ်ဝန်ကြီး၏ ဆိုဆုံးမ သည့်အတိုင်း စစ်သည်တော်များသည် ပြည်သူတို့၏ ရင်တွင်းမှဖြစ်လသည့် ပြည်သူ့သားကောင်း၊ သ မီးကောင်း၊ ပြည်သူတို့၏ ချစ်စရာ ရင်နှစ်မေတ္တာဖြင့် အလိုအလျောက် ခေါ်ဝေါ်သုံးစွဲ၊ ကပ်ပွန်းတပ်ပေး ခြင်းသည် ဂုဏ်သိက္ခာရှိမည်ဖြစ်သောကြောင့် ဖြစ်သည်။

ယခုလည်း "ဂျာနယ်လစ်ဖိုးစိုင်း" က စုဆောင်းရသမျှအကြောင်းကို တတ်အားသရွေ့ ကြိုးစား အားထုတ် စာအုပ်ငယ်ဖြစ်အောင် ဆောင်ကြဉ်းကာ၊ ဤအမည်ဖြင့် ထုတ်ဝေဖြန့်ချိနိုင်ခြင်းသည် ထိုက် သင့်လျောက်ပတ်သော တန်ဖိုးတစ်ရပ်ကို ဖြစ်စေမည်ဟု မှတ်ယူရပါကြောင်း လေးစားစွာ ဤအမှာ စာဖြင့် ရေးသားဂုဏ်ပြုအပ်ပါကြောင်း.......



ဦးတင်ဦး

နာယက၊ သဘာပတိအဖွဲ့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**ဦးတင်ဦး**

**နာယက၊ သဘာပတိအဖွဲ့**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

*

## စီစဉ်သူ၏ အမှာစာ (သို့မဟုတ်) တိမ်မြုပ်နေသော သမိုင်းမှတ်တမ်းတစ်ခုကို တူးဆွဖော်ထုတ်ခြင်း

ကျွန်တော်တို့သည် ယခင်အစိုးရအဆက်ဆက်၏ စနစ်အမျိုးမျိုးအောက်တွင် နှစ်ပေါင်း (၅၀) ကျော် နေခဲ့ရသည့်အတွက် ယနေ့ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များမှာ သမိုင်းအမှန်များကို သိခွင့်မရခဲ့ကြဘဲ ဝေဝါးခဲ့ကြရဖူးသည်။ ကျွန်တော်တို့ ကိုယ်တိုင်သည်ပင်လျှင် သမိုင်းဖျောက်ဖျက်မှု၊ သမိုင်းပျောက်ပျက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပြီး တစ်ဖက်မြင်သမိုင်း မှတ်တမ်းများကို မြင်တွေ့ခဲ့ ရသည်။ သို့သော် ...

အချိန်သည် အစဉ်ပြောင်းလဲနေသည် .... စနစ်သည်လည်း အချိန်တန်လျှင် ပြောင်းလဲတတ် သည့်အရာဖြစ်သည် ... လူ့ဘဝသည်လည်း မည်သည့်အခါမှ မတည်မြဲ ... ထိုအတွက်ကြောင့် သမိုင်းတစ်ပတ် ပြန်လည်လာချေသည်။ အချိန်တန်၍ ခေတ်ပြောင်းကာ စနစ်ပြောင်းလာသည်။

ယနေ့ခေတ်အချိန်အခါသည် ဒီမိုကရေစီကို စတင်ဖော်ဆောင်နေသည့်အချိန်အခါ ဖြစ်သည် နှင့်အညီ စာပေလွတ်လပ်ခွင့်များသည်လည်း အပြည့်အဝမဟုတ်တောင် အထိုက်အလျောက်ရလာ သည်။ ခွင့်ပြုလာသည်။ သို့ဖြင့် သမိုင်းငတ်နေသော လူကြီး၊ လူရွယ်၊ လူလတ်နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းမှတ်တမ်းစာအုပ်များ အလျှိုအလျှို ထွက်လာကြသည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်နှင့်အသိပညာရှင်များ၊ အတတ်ပညာရှင်များက ပြည်သူ့ဘက်က ရပ်တည်၍ ဖျောက်ဖျက်ခြင်းခံထားရသော သမိုင်းမှတ်တမ်းများ၊ တိမ်မြုပ်ပျောက်ကွယ်နေသော

သမိုင်းမှတ်တမ်း များကို နည်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ် မှတ်တမ်းတင်နိုင်ခဲ့ကြ၍ ယနေ့မျိုးဆက်သစ်လူငယ်များ လေ့လာသိရှိကြရပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၌ သမိုင်းတစ်ခုကို ခေတ်အဆက်ဆက်လက်ဆင့်ကမ်း မှတ်တမ်းတင်သွားနိုင်ရန်မှာ စာပေသည်သာ အခရာဖြစ်ပေသည်။

ကျွန်တော်သည် သမိုင်းအဖျောက်ခံထားရသည့် ဆိုးရွားသောအကျိုးဆက်ကို ခံစားခဲ့ရဖူးသည့် အတွက် ကိုယ်တိုင်ကြုံတွေ့ ဖြတ်သန်းခဲ့ရသည် ရှစ်လေးလုံးအရေးတော်ပုံ သမိုင်းစာအုပ်ကို မှတ်တမ်း အဖြစ်ကျန်ရစ်နေစေရန် ၂၀၁၃ ခုနှစ်တွင် ရှစ်လေးလုံးငွေရတု အထိမ်းအမှတ်အဖြစ် ရေးသားထုတ်ဝေ ခဲ့ပြီးဖြစ်သည်။

မြန်မာ့သမိုင်းနှင့်သက်ဆိုင်သည့် စာအုပ်အမျိုးမျိုး ထွက်နေသည့်ကာလတွင် အကြောင်းအရာ တစ်ခုတည်းကို စာရေးဆရာအများစုက ဝိုင်းဝန်းရေးသားနေကြသလို မရေးသားရသေးသည့် သမိုင်းမှတ်တမ်းများလည်း ကျန်ရှိနေသေးသည်ကို ကျွန်တော်တို့ မဇ္ဈိမစာပေတိုက်ဝိုင်းတော်သားများ သတိပြုမိခဲ့သည်။ မြန်မာ့သမိုင်းမှတ်တမ်းစာအုပ်များစွာထဲကမှ မထွက်သေးသော စာအုပ်ကို မဇ္ဈိမစာပေက စေ့စေ့ငုငုလေ့လာ တွေ့ရှိခဲ့သည်။ ထိုတွေ့ရှိခဲ့သော သမိုင်းအကြောင်းစာအုပ်မှာ မြန်မာ့တပ်မတော်၌ ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ကာကွယ်ရေးဦးစီး ချုပ်ဟောင်းရှစ်ဦးထဲမှ ၁၉၇၄ ခုနှစ် မတ် ၈ ရက် မှ ၁၉၇၆ မတ် ၆ ရက်အထိ စတုတ္ထမြောက်တပ်မ တော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘဘဗိုလ်ချုပ်သူရဦးတင်ဦး (ယခု အ မျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နာယက) ၏ သမိုင်းမှတ်တမ်းအကြောင်းအရာ စာအုပ်ပင်ဖြစ် သည်။ ကျွန်တော်တို့သည် ဘဘဦးတင်ဦးနှင့် ခင်မင်ရင်းနှီးသိကျွမ်းမှုများလည်းမရှုကြပေ။ ကျွန်တော် တို့က မြန်မာ့သမိုင်းနှင့် တပ်မတော်၏ သမိုင်းတွင် လစ်ဟာနေသည့် မှတ်တမ်းလေးတစ်ခုကို ဖြည့် ဆည်းပေးချင်သည့် ဆန္ဒရှိသည်။ ထို့အပြင်

ဘဘဦးတင်ဦး သက်ရှိထင်ရှားရှိနေစဉ် အတွင်း သူ့ဘဝ မှတ်တမ်း စာအုပ်လေးတစ်အုပ်ကို မြင်သွားစေချင်တယ်။ ယခုစာအုပ်ကို စီးပွားရေးအကျိုးအမြတ်အ တွက် ထုတ်ဝေခြင်းမဟုတ်ဘူး ဆိုသည်ကိုတော့ ကျွန်တော်တို့ လိပ်ပြာလုံစွာ ဝန်ခံပါသည်။ ဒါ့အပြင် ယခုစာအုပ်သည် နိုင်ငံအတွက် သမိုင်းမှတ်တမ်းဖြစ်သလို မြန်မာတပ်မတော် အတွက်လည်း မှတ်တမ်း တစ်ခုအဖြစ် ကျန်ရစ်နေမည်ဖြစ်သည့်အတွက် ကျွန်တော်တို့ ဂမ်းသာမိပါသည်။ ဂုဏ်ယူမိပါသည်။

ဘဘဦးတင်ဦး၏ စာအုပ်ဖြစ်မြောက်ရေးအတွက် မဇ္ဈိမစာပေတိုက်က ကျွန်တော်ကို ရေးသား ရန်တာဝန်ပေးလာသည့်အခါ ကျွန်တော်က အလုပ်မအားလပ်သည့်အတွက် ကိုယ်တိုင် မရေးသားနိုင်၍ ရေးသားနိုင်မည့်သူကို ရှာပေးမည်ဟု ကတိပေးလိုက်သည်။

သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ဘဘဦးတင်ဦး၏ ငယ်စဉ်ဘဝဖြတ်သန်းမှု၊ တပ်မတော် သားဘဝ ဖြတ်သန်းမှု၊ နိုင်ငံရေးသမားဘဝ ဖြတ်သန်းမှုနှင့် အကျဉ်းစံဘဝ ဖြတ်သန်းမှု အားလုံးကို ခြုံငုံ ပြည့်စုံအောင် ရေးသားရမည်ဖြစ်သည့်အတွက် အလွန်တာဝန်ကြီးပြီး အရေးကြီးသည်။ စာအုပ်ထုတ် ရေးညှိကြစဉ်ကတည်းက ရေးသားနိုင်မည့်သူ နှစ်ဦးကို ကျွန်တော်စဉ်းစားပြီးဖြစ်သည်။ ရေးမည့်သူကို လူကြီးပိုင်းထဲက ကျွန်တော်မစဉ်းစား ကလောင်လက်စွမ်းရှိသူ မျိုးဆက်သစ် လူငယ်နှစ်ဦး ကျွန်တော် ခေါင်းထဲတွင် ရှိသည်။ တစ်ဦးက ဖြစ်နိုင်သည်၊ တစ်ဦးက မဖြစ်နိုင် တစ်ဦးကမည်သည့် အတွက်ကြောင့်မဖြစ်နိုင်သနည်း ဆိုသော် သူသည် အစိုးရဝန်ထမ်း ဖြစ်နေ၍ ပြင်ပ နိုင်ငံရေးနှင့် ပတ်သက် သည့် စာအုပ်ရေးသားလျှင် သူ့တွင် အခက်အခဲ အတားအစီး ရှိနိုင်သည်။ ကျန်တစ်ဦးကပြင်ပက မျိုး ဆက်သစ်သတင်းထောက် လူငယ်။ သို့ဖြင့်တစ်ဦးစီကို ကျွန်တော်စာအုပ် အကြောင်းချပြသည်။ ကျွန်တော်တင်ပြခဲ့သည့်အတိုင်းပင် မဖြစ်နိုင်သည့်သူနှင့် မဖြစ်သလို၊ ဖြစ်နိုင်သည့်သူနှင့်

အလုပ်ဖြစ်သည်။ အဓိကကအလုပ်ဖြစ်ဖို့ ဖြစ်သည်။
သတင်းထောက်လူငယ်ကလည်း ဝမ်းသာစွာဖြင့် လက်ခံသည်။ ထို သူကတော့ လူငယ်ဂျာနယ်လစ် ကိုဖိုးစိုင်းပင် ဖြစ်သည်။ သူကလည်း လူငယ်ပီပီ သူဝါသနာပါရာ လုပ် ငန်းလည်းဖြစ်သည့်အတွက် တာဝန်ဘယ်လောက်ကြီးကြီး ကြိုးစားလုပ်မည်။ ဖြစ်အောင်လုပ်မည်။ ထို့ အပြင်သူသည် သူရဲ့ သတင်းထောက်ဘဝ မှတ်တိုင်တစ်ခုကို နိုင်ငံခေါင်းဆောင် တစ်ဦး၏ သမိုင်းမှတ် တမ်းစာအုပ်ဖြစ် သမိုင်းမှတ်တိုင် စိုက်ထူချင်သည်။ ဂျာနယ်လစ် ကိုဖိုးစိုင်းက နိုင်ငံရေးနှင့် တပ်မတော် အပေါ် စိတ်ဝင်စားသူဖြစ်နေ၍ ကျွန်တော်ကလည်း သူ၏ လုပ်ရည်နှင့်ကလောင်စွမ်းကို ယုံကြည် သည်။ ဒါ့ကြောင့် ကျွန်တော်တို့ ရှေ့သို့ခြေတစ်လှမ်း ထပ်တိုးလိုက်ကြသည်။

ဘဘဦးတင်ဦးနှင့် လူငယ်ဂျာနယ်လစ်ကိုဖိုးစိုင်းတို့ ဆက်သွယ်ပြီးတွေ့ကြသည်။ စာအုပ်ထုတ် မည့်အကြောင်းနှင့် အစီအစဉ်ကို ပြောပြသည်။ ဘဘဦးတင်ဦးကလည်း သူ့အကြောင်း စာအုပ်တွေ ရေးကြသည်ဟုကြားသည်။ တစ်အုပ်မှထွက်မလာ။ ဒါ့ကြောင့် သူလည်း စာအုပ်ကိစ္စ သိပ်စိတ်မဝင် စားဖြစ်တော့ဟု ပြောလာသည်။ ဒါ့အပြင် နာမည်ကြီးစာရေးဆရာ တစ်ယောက်ကလည်း ဘဘ၏ အ တ္ထုပ္ပတ္တိစာအုပ်ကို ရေးနေသည်ဟု ပြောသည်။ ဒါ့ကြောင့် ကျွန်တော်တို့လည်း ဘဘရဲ့အတ္ထုပ္ပတ္တိစာ အုပ်ကြီး တစ်အုပ်ဖြစ် ရေးသားထုတ်ဝေရမည့် အစီအစဉ်လည်း ရပ်ဆိုင်းရမလို ဖြစ်သွားသည်။ နာမည် ကြီးစာရေးဆရာကြီးကို ကျွန်တော်တို့က ထိပ်တိုက် သွားတွေ့၍ မရ။ သူ၏ ဝါနှင့် သမ္မာကို လေးစား ရမည်။ ဒါ့ကြောင့် ကျွန်တော်တို့ ပြန်စဉ်းစားပြီးညှိကြသည်။ အတ္ထုပ္ပတ္တိအဖြစ် မရေးသားတော့ပဲ ဘဘ ၏ တပ်မတော်သားဘဝနှင့် နိုင်ငံရေးသမားဘဝ ဖြတ်သန်းမှု အတွေ့အကြုံများကို အခြေခံကာ စိတ်ဝင် စားဖွယ်ဖြစ်အောင် ရှုထောင့်တစ်မျိုးမှ မှန်ကန်တိကျအောင် ရေးမည်ဟု ဆုံးဖြတ်ချက်ချကြသည်။ လို အပ်သည့် သတင်းအချက်အလက်များကိုလည်း

ကျွန်တော်တို့ ကြိုးစားရှာဖွေ ဖော်ထုတ်ကြသည်။

နောက်ဆုံးတော့ ခြောက်လအတွင်းမှာပင် လူငယ်ဂျာနယ်လစ်ကိုဖိုးစိုင်း၏ ကြိုးစားအားထုတ်မှု များ အရာထင်အကောင်အထည် ပေါ်လာခဲ့သည်။ ပြည်ပသတင်းဌာနများ၏ ကူညီမှု၊ သမိုင်းမှတ်တမ်း စာအုပ်များ၏ ကူပံ့မှု၊ မဇ္ဈိမစာပေတိုက်မှ အဖွဲ့သားများ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးမှုများ ကြောင့် ဘဘဦးတင်ဦး၏ ဘဝမှတ်တမ်း တစ်စိတ်တစ်ပိုင်း စာအုပ်သည် စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် ခံ့ခံ့ညားညား ထွက်ရှိလာခဲ့သည့်အတွက် ကျွန်တော်တို့တစ်တွေ ဝမ်းသာခဲ့ရသည်။ ကြည်နူးကြရ သည်။ ကြိုးစားအားထုတ်ခဲ့ရမှုများ အရာထင်ခဲ့သည်။ သမိုင်းဝင် သက်ကြီးရွယ်အိုပုဂ္ဂိုလ်တစ်ဦးကို မိမိ တို့ တတ်ကျွမ်းသည့် စာပေပညာဖြင့် ပူဇော်ကန်တော့ခွင့် ကြုံရသည့်အတွက်လည်း ပီတိဖြစ်မိသည်။ ထိုပီတိကို မည်သည့်အရာနှင့်မျှ ကျွန်တော်တို့ မလဲနိုင်။

ကျွန်တော်တို့သည် သမိုင်းဖျောက်ဖျက်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့ခံစားလာကြရသူများ ဖြစ်သည့်အတွက် လက်ရှိခေတ်တွင် ဖြစ်ပေါ်နေသည့် အခြင်းအရာများကို ပိုမိုဖော်ထုတ် မှတ်တမ်း တင်ရမည်မှာ ကျွန်တော်တို့ တာဝန်ဖြစ်သည်ဟု ခံယူထားသည်။ နှစ်ပေါင်း (၅ဂ) ကျော် သမိုင်းမှတ် တမ်းများ ဖျောက်ဖျက်ခံခဲ့ရ၍ ယနေ့ခေတ် ညီငယ်၊ ညီမငယ်များ လျှောက်သောလမ်းမှာ စမ်းတဝါးဝါး ဖြစ်ခဲ့ကြရသည်ကို ကျွန်တော်တို့ နဖူးတွေ့ ဒူးတွေ့ တွေ့ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဘယ် သူလဲ ဖေဖေ၊ အာဇာနည်နေ့ဆိုတာ အဆိုတော် Rဇာနည်ရဲ့ မွေးနေ့လား မေမေ...လို့ ကလေးငယ် တွေက မေးခဲ့ဖူးကြရတဲ့ အဆင့်ထိရောက်အောင် မျိုးဆက်သစ်လူငယ်တွေ ကြုံခဲ့ရတာ ကို ကျွန်တော် တို့ သင်ခန်းစာယူပြီး နောက်မျိုးဆက်တွေ ဒါမျိုးမကြုံတွေ့ရအောင် ပြည်သူအားလုံးက ကိုယ့်နိုင်ငံရဲ့ သမိုင်းမှန်တွေကို မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့အောင် တာဝန်ယူဖော်ထုတ်ပေးကြပါလို့ ပြောကြားရင်း ဖြင့်.......

သမိုင်းသည် နိုင်ငံ၏ ကြေးမုံပြင်ဖြစ်သည်……

**သာညာဏ် (ရန်ကင်း)**

**၂၂.၆.၂၀၁၄**

*

## လူငယ်ဂျာနယ်လစ်တစ်ယောက်၏ ဝန်ခံစကား

### (၁)

ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ ဗိုလ်ချုပ်ကြီးသူရဦးတင်ဦး၏ ဘဝဖြတ်သန်းမှု ပုံရိပ် များကို စာအုပ်တစ်အုပ်အဖြစ် ပြုစုပေးဖို့ရန် (ဦးလေး) ဦးသာညာဏ် (ရန်ကင်း) တင်ပြခဲ့သလို ကျွန်တော်အနေနှင့် အခွင့်ကြုံလာခဲ့သည်။ (ဘဘ) သူရဦးတင်ဦး နေအိမ်အကျယ်ချုပ်ဖြင့် လွတ်မြောက်လာသည့်နေ့က ကျွန်တော်သည် လျှပ်တစ်ပြက်သတင်းဂျာနယ်တွင် သတင်းထောက်ပေါက်စအဖြစ် ဝင်ရောက်နေချိန် ဖြစ်ပါသည်။ ထိုအချိန်ကတည်းက (ဘဘ) သူရဦးတင်ဦး၏ ဘဝနှင့်ပတ်သက်၍ စိတ်ဝင်စားမှုအကြောင်း အရာပေါင်းများစွာရှိခဲ့ပါသည်။ သို့နှင့် စာအုပ်တစ်အုပ်အဖြစ် ပြုစုပေးဖို့ ရန်အခွင့်ကြုံလာသည့်အခါ (ဘဘ) သူရဦးတင်ဦးထံ သွားရောက်ခွင့်တောင်းခဲ့သည်။ အချိန်မလုံ လောက်မှုကြောင့် တစ်ကြောင်း၊ အလုပ်မအားလပ်မှုကြောင့်တစ်ကြောင်း၊ (ဘဘ) သူရဦးတင်ဦးက အင်တာဗျူးဖြေရန် အချိန်မပေးနိုင်တော့ကြောင်းပြောသည်။

ဖိုးစိုင်း(ဂျာနယ်လစ်)။ ။ဘဘရဲ့ဘဝဖြတ်သန်းမှု ပုံရိပ်သမိုင်းကြောင်းကို စာအုပ်ထုတ်ချင်လို့ ခွင့်တောင်းတာပါ ဘဘ။

သူရဦးတင်ဦး။ ။အား၊ ကျွန်တော် လာတွေ့ပြီးဗျူးတဲ့သူတွေက ဗျူးသွားကြပြီး။ စာအုပ်ထုတ်မယ်ဆိုပြီး။ စာအုပ်ကမထွက်လာနိုင်သေးဘူး။

ဖိုးစိုင်း(ဂျာနယ်လစ်)။ ။ကျွန်တော်တို့ကအမြန်လုပ်မှာပါ။

သူရဦးတင်ဦး။ ။အမြန်လုပ်တာတော့ လုပ်နေကြတာပဲ။ ကျွန်တော်ကိုယ်တိုင်က မအားတာ။အပြတ်လေးတွေ မေးတာကတော့ ကျွန်တော်ပြောလို့ ရတယ်။ စီကာပတ်ကုံးကြီး ပြန်ပြောရမယ်ဆိုရင် သေတော့မယ် လူက နည်းတာမဟုတ်ဘူး။ အရှည်ကြီး။ မသက်သာဘူးနော်။ မသက် သာဘူး။

ဖိုးစိုင်း(ဂျာနယ်လစ်)။ ။ဒါဆို ဘဘရဲ့ အတ္ထုပ္ပတ္တိကို ကျွန်တော်ရေးထားပြီးပြန်လာပြမယ်။ ဘဘက edit ပြန်လုပ်ပေးလို့ရမလား။

သူရဦးတင်ဦး။ ။အေးပေ့ါ၊ အေးပေ့ါ။ အရေးမကြီးတာလေးတွေ ရှောင်လိုက်ပြီးတော့ သမိုင်းဝင်တာမျိုးလေးတွေ ပုဂ္ဂိုလ်ရေး မထိခိုက်အောင်ပေ့ါ

အဲ့ဒါဆိုလည်း ရေးယူလာခဲ့လေ။ ကျွန်တော်နဲ့ပတ်သက်တာလည်း မှတ်ထားဦး။ ဒီနေ့အထိ တပ်မတော်ထဲက ထွက်သွားပြီးတဲ့နောက်ပိုင်းမှာ ဓာတ်ပုံတွေရော၊ စာရွက်စာတမ်းတွေရော၊ သူတို့ကအကုန် လုံးမီးရှို့လိုက်ပြီ။ ဓာတ်ပုံတောင်မကျန်ဘူး။ ကာကွယ်ရေးဦးစီးချုပ်ပုံတောင်မကျန်ဘူး။ အခုထည့်နေတဲ့ပုံ ကတိုင်းမှူးပုံကိုထည့်နေတာ။ ကာကွယ်ရေးဦးစီးချုပ်ပုံ ကျကျနနကိုမရှိတာ။

ထိုအခါ ကျွန်တော့်အနေနှင့်(ဘဘ) သူရဦးတင်ဦး၏ ပြန့်ကျဲနေသော အင်တာဗျူးများနှင့် ဓာတ်ပုံများကို လိုက်လံရှာဖွေကာ (ဘဘ)သူရဦးတင်ဦး၏ ဖြတ်သန်းခဲ့သော ဘဝပုံရိပ်များကို အတ္ထုပ္ပ တ္တိဆန်ဆန် ရေးသားပြုစုခဲ့ပါသည်။ (ဘဘ)သူရဦးတင်ဦးအနေနှင့် မိမိ၏ သမိုင်းကြောင်းကို စိတ်ရှည် လက်ရှည်ဖြင့် RFA သတင်းဌာနမှ ဆရာဦးခင်မောင်စိုး စီစဉ်တင်ဆက်သော ပြည်သူ့ဘက်က ဗိုလ်ချုပ် ကြီးကဏ္ဍ၊ VOA သတင်းဌာနမှ ဆရာဦးရော်နီညိမ်း စီစဉ်တင်ဆက်သော တပ်မှူးတပ်သားပြောစကား များတွင် အကျယ်အဝင့်ပြောပြထားသည်။ ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ် ကြီးသူရဦးတင်ဦး စာအုပ်ဖြစ်ဖို့ရန် ဆရာဦးခင်မောင်စိုးနှင့် ဆရာဦးရော်နီညိမ်းကို ကျွန်တော့်အနေနှင့် ခွင့်တောင်းသည့်အခါ သတင်းဌာနနှင့် မိမိတို့၏ နာမည်များဖော်ပြရန်သာ

လိုအပ်ကြောင်းပြောကာ အင်တာဗျူးများကို အသုံးပြုခွင့်ပေးကြောင်းပြောသည်။

(ဘဘ) သူရဦးတင်ဦး၏ ဘဂဖြတ်သန်းမှုသမိုင်းကြောင်း ပုံရိပ်များသည် စာအုပ်တစ်အုပ် အဖြစ် လိုအပ်နေသည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်ထင်သည့် အထင်ကဲ့သို့ (ဘဘ) သူရဦးတင်ဦးအနေနှင့်လည်း မိမိ၏ အတ္ထုပ္ပတ္တိကို ထုတ်နိုင်ရန် အချိန်မအားလပ်သောကြောင့် ကိုယ်တိုင်မရေးသားနိုင်သေးကြောင်း၊ ရေးထားပြီးသားများ ဟိုတစ်စ၊ ဒီတစ်စရှိနေပြီးစာအုပ်အဖြစ် မထွက်ပေါ်နိုင်သေးကြောင်း ပြောပြသည်။ (ဘဘ) သူရဦးတင်ဦးနှင့်ပတ်သတ်သည့် ဓာတ်ပုံများ၊ သမိုင်းအထောက်အထားများသည် အာဏာရှင်ဦးနေဝင်း အစိုးရက မီးရှို့ဖျက်ဆီးခဲ့ပြီး ဖြစ်ပါသည်။ တပ်မတော်နှင့်ပတ်သတ်၍ ထွက်ရှိလာသည့် စာအုပ်အချို့ရှိပါသည်။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော် ၏ ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိပေါင်းချုပ်၊ ဗိုလ်ချုပ်ကြီးဟောင်းချစ်ဆွေ (နှောင်စစ်သည်)၏ သေတစ်နေ့မွေးတစ်နေ့ အတွဲ (၁၊၂၊၃)၊ ဗိုလ်မှူးကြီးဟောင်း တင်မောင်ရေးသည့် မုန်တိုင်းဖြတ်ကျော် စစ်သည်တော်တစ်ဦး (သုံးတွဲပေါင်းချုပ်)၊ မောင်ဆွေသက်၏ ကဒူးမမှမော်ဖသို့၊ ဗိုလ်မှူးချုပ်တင့်ဆွေ (ဖျာပုံ)၏ ကျောပိုးအိတ်လေးကို ချီကာလွယ်၊ ဆရာသန်းဝင်းလှိုင်၏ ဦးသန်းရွှေ (သို့မဟုတ်) နေပြည်တော်မင်းသားကြီး၊ ဗိုလ်ချုပ်စိုးဝင်း (ကွယ်လွန်) ၏ စာမျက်နှာ ၆၀၀ ကျော်ပါဝင် သည့် စာအုပ် စသည်ဖြင့် တပ်မတော်နှင့် ပတ်သတ်သည့်စာအုပ်များ ထွက်ရှိထားပြီး ဖြစ်ပါသည်။

ယနေ့ သက်ရှိထင်ရှားသေးသည့် မြန်မာ့တပ်မတော်၏ လေးယောက်မြောက် ကာကွယ်ရေး ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရဦးတင်ဦး၏ အတ္ထုပ္ပတ္တိစာအုပ်သည် စာပေလောက၊ နိုင်ငံရေးလော ကတွင် ထွက်ရှိရန် ကျန်နေသေးသည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။ တပ်မတော်သားဘဂကို ဖြတ်သန်းခဲ့ကြသူများထဲမှ ပြည်သူ့ဘက်က ရပ်တည်ခဲ့သော။ ပြည်သူလက်ခံသော၊ ပြည်သူချစ်သော၊ ပြည်သူလိုလားသော

ကာကွယ်ရေးဦးစီးချုပ်ဟောင်းတစ်ယောက်၏ အတ္ထုပ္ပတ္တိစာအုပ်သည်လည်း ထွက်ရှိရန် လိုအုပ်နေသည့် စာအုပ်ဖြစ်ပါသည်။ သို့ကြောင့်ပင် ပြည်သူချစ်သော ကာကွယ်ရေး ဦးစီးချုပ်ဟောင်း (ဘဘ) သူရဦးတင်ဦး၏ ဘဂဖြတ်သန်းမှုသမိုင်းကြောင်း ပုံရိပ်များကို အချက်အလက် မှားယွင်းမှုမရှိအောင်၊ မြန်မာ့နိုင်ငံရေးတွင် (ဘဘ) သူရဦးရတင်ဦး ကိုယ်တိုင်ပါဝင် ပတ်သက်ခဲ့သည့် သမိုင်းဝင်အရေးအခင်းများ၊ အဖြစ်အပျက်များ ကျန်လပ်မှုမရှိရအောင်၊ အာဏာရှင် (မဆလ) ပါတီဥက္ကဋ္ဌဦးနေဝင်းနှင့် (ဘဘ) သူရဦးတင်ဦးတို့၏ ဆက်နွယ် ဆက်ဆံခဲ့ရပုံများကို (ဂျာနယ်လစ်) တစ်ယောက်အနေနှင့် စုစည်းဖော်ပြခြင်းသာဖြစ်ပါသည်။

## (၂)

ကျွန်တော်တို့ လူငယ်ဘဂ မြင်တွေ့ဖြတ်သန်းခဲ့ရသည့် တပ်မတော်နှင့် (ဘဘ) သူရဦးတင်ဦးတို့ ခေတ်က ဖက်ဆစ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတပ်မတော်သား ဘဂနှင့် နှိုင်းယှဉ်လျှင် များစွာကွာခြားနေပါသည်။ မည်သို့ကွာခြားကြသည်ကို (ဘဘ) သူရဦးတင်ဦး၏ ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်းစာအုပ်ထဲမှာ ကျွန်တော်လက်လှမ်းမီသမျှ ပြုစုတင်ပြ ပေးထားပါသည်။ (ဘဘ) သူရဦးတင်ဦး၏ ဘဂဖြတ်သန်းမှုပုံရိပ်များကို ရသဆန်ဆန် ချဉ်းကပ်ကြည့် ရှုမည်ဆိုပါက ရုပ်ရှင်ပြကွက်များထဲကလို တစ်ခန်းပြီးတစ်ခန်း ရွေ့နေသည်ကို တွေ့ရပါမည်။ (ဘဘ) သူရဦးတင်ဦး၏ ငယ်စဉ်ဘဂမှ ကာကွယ်ရေးဦးစီးချုပ်ဖြစ်ခဲ့သည့် အခန်းကဏ္ဍအပါအဝင် ယနေ့ NLD ပါတီ၏ နာယကဖြစ်သည့်အချိန်ထိ (ဘဘ) သူရဦးတင်ဦး၏ လောကခံလှိုင်းလုံးသည် နိမ့်ချည်၊ မြင့်ချည်၊ တက်ချည်၊ ကျချည်ဖြင့် ရုပ်ရှင်တစ်ကား ကြည့်ရသလို အတုယူဖွယ်၊ သင်းခန်းစာယူဖွယ်၊ နားကြည်းဖွယ်၊ ဒေါသဖြစ်ဖွယ်၊ နာကျင်ခံခတ်ဖွယ်၊ စွန့်စားခန်းများစွာဖြင့် ပြည့်နှက်နေသည်။

တစ်ဖန် (ဘဘ) သူရဦးတင်ဦး၏ ဘဂထဲမှ

တပ်မတော်သားတစ်ယောက်၏ ဖက်ဆစ်ဆန့်ကျင် ရေးနှင့် တရုတ်ဖြူနယ်ချဲ့များကို တိုက်ထုတ်ခဲ့သည့် စစ်သားတစ်ယောက်၏ ခပ်ကြမ်းကြမ်းဘဝကိုမှာ ယောက်ျားပီပီ ဗိုလ်ချုပ်မှာကြားခဲ့သည့်အတိုင်း တာဝန်ကျေပွန်အောင် ထမ်းဆောင်တတ်သည့် (ဘဘ) သူရဦးတင်ဦးအတွက် ဗိုလ်လောင်းဘဝမှ တပ်မတော်၏ အမြင့်ဆုံးရာထူးကာကွယ်ရေးဦးစီး ချုပ် ရာထူးရသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ရာထူးရရှိခဲ့သလို တာဝန်၏ စေညွှန်ရာအတိုင်း ကျရာအရပ်မှာနေ၊ ပေးတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရင်း အထက်အောက်တပ်မတော် တွင်း ဆက်ဆံရေးတွင် (ဘဘ) သူရဦးတင်ဦးသည် ရဲဘော်တိုင်း၊ တပ်သားတိုင်း၏ ချစ်ခင်မှုကို ခံယူရရှိခဲ့သည်။ ထို့အပြင် အာဏာရှင်စစ်ဗိုလ်၏ လက်အောက်၌ သဝေမတိမ်းအမိန့် နာခံတတ်သည့် (ဘဘ) သူရဦးတင်ဦးအတွက် လုပ်ဖော်ကိုင်ဖက်များ၏ မနာလိုချောက်တွန်းမှုတွေကြား ကာကွယ်ရေး ဦးစီးချုပ်ရာထူးကနေ ဖယ်ရှားခံခဲ့ရပြန်သည်။ ထို့နောက် လက်အောက်ငယ်သားများက (ဘဘ) သူရဦးတင်ဦးအတွက် နာကြည်းဒေါသများဖြင့် နိုင်ငံတော်လုပ်ကြံရန် ကြံစည်ခဲ့သည့်အပိုင်းတွင်လည်း သတင်းထိမ်ချန်မှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသည်။ (ဘဘ) သူရဦးတင်ဦး၏ ဘဝသည် လုံ့ထမ်းလာသည်ကို မြင်ရပြီး ကံထမ်းလာသည်ကို မမြင်ရဘူးဟု ပြောလျှင်မှန်မည်ဖြစ်ပါသည်။

တပ်မတော်၏ ဖခင် အမျိုးသားခေါင်းဆောင်ကြီး

ဗိုလ်ချုပ်အောင်ဆန်းက စစ်ဦးစီးချုပ်၊ စစ်သေနာပတိချုပ်ဖြစ်သည့်အချိန်တွင် (ဘဘ) သူရဦးတင်ဦးသည် မင်္ဂလာဒုံ တတိယအပတ် ဗမာ့ကာကွယ်ရေးတပ်မတော်စစ်တက္ကသိုလ်၊ ဗိုတ်သင်တန်းကျောင်းတွင် ဗိုလ်လောင်းအဖြစ် စတင်တက်ခွင့်ရသည်။ ထိုအချိန်က (ဘဘ) သူရဦးတင်ဦး ဘာကြောင့် တပ်မတော်ထဲဝင်ခဲ့ရသလဲ၊ တပ်မတော်သား တစ်ယောက်၊ စစ်ဗိုလ်တစ်ယောက်ဟာ လူတန်းစား တစ်ရပ်လား။ ရှေ့တန်းမှာ စစ်တိုက်ရတဲ့အခါ

အထမ်းသမားကို ဘယ်လိုခေါ်ရလဲ။ ၁၉၅၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် စစ်သည်တော် ကျင့်ဝတ်ဆိုတာ ဘာတွေလဲ၊ တပ်မတော် ခေတ်အဆက်ဆက် ဘာတွေကွာခြားခဲ့ပြီလဲ။ ဒီနေ့တပ် မတော်ထဲဝင်လိုက်သည့် လူငယ်များအနေနှင့် (ဘဘ) သူရဦးတင်ဦးကို နမူနာယူ၊ လိုက်နာအတုယူ စရာများကို လက်လှမ်းမီရာ ရှာဖွေဖော်ပြထားပါသည်။

ထို့အပြင် ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀၊ ၁၉၉၀၊ ၂၀၁၀၊ ၂၀၁၂ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် တပ်မတော်သည်မည်သို့သော အခန်းကဏ္ဍက ပါဝင်ခဲ့သည်။ ၁၉၇၄ ခုနှစ်၊ (ဘဘ) သူရဦးတင်ဦး ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့်အချိန်မှ လွှတ်တော်အတွေ့အကြုံများကို ယနေ့လွှတ်တော်ထဲမှာ ၂၅ ရာခိုင်နှုန်းပါဝင်နေသည့် တပ်မတော်၏ အခန်းကဏ္ဍနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန် (ဘဘ) သူရဦးတင်ဦး၏ လွှတ်တော်အတွေ့အကြုံများကို ပြန်လည်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုအချိန်က (ပြည်သူ့ရဲ)ဟု သတ်မှတ်ရန် လွှတ်တော်တွင်အဆိုတစ်ခု တင်သွင်းသလို (ပြည်သူ့တပ် မတော်) ဖြစ်ဖို့ရန်လည်း အဆိုတစ်ခုတင်သွင်းမည့်အကြောင်းကို (ဘဘ) သူရဦးတင်ဦးက ကာကွယ်ရေးဦးစီးချုပ်တစ်ယောက်အနေနှင့် ပြည်သူက တကယ်လိုလိုလားလား ရင်ထဲက ခေါ်မှသာ ပြည်သူ့တပ်မတော်ဟု သတ်မှတ်မည်ဖြစ်သောကြောင့် ယင်းအဆိုကို လွှတ်တော်တွင် တင်သွင်း ဆွေးနွေးခြင်း မရှိခဲ့ပေ။

## (၃)

(ဘဘ) သူရဦးတင်ဦး၏ ဖြတ်သန်းခဲ့သောပုံရိပ်များသည် များစွာကျန်ရှိနေပါသေးသည်။ ကျွန်တော်ရေးသားပြုစုသည့် ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး သူရဦးတင်ဦး စာအုပ်သည် (ဘဘ)သူရဦးတင်ဦး၏ ဘဝဖြတ်သန်းမှုထဲမှ အချို့သာ ရှိပါသေးသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (နာယက)၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရဦးတင်ဦး၏ ဘဝဖြတ်သန်းမှုများကို ထပ်မံရေးသားကြမည်

(သို့မဟုတ်) တပ်မတော်သားတို့၏ သမိုင်းကြောင်းကို ရေးသားကျမ်းပြုကြမည်ဆိုပါက ကျွန်တော်ရေးသားပြုစုသည့် ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ် ဟောင်း စာအုပ်ငယ်လေးသည် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ကျွန်တော့်ယုံကြည်မှုကို ဝိုင်းဝန်းကူညီပေးခဲ့ကြသလို ပြည်သူချစ်သော ကာကွယ်ရေး ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရဦးတင်ဦး စာအုပ်ဖြစ်ပေါ်ဖို့ရန် ပထမဆုံးအကြံပေးတိုက်တွန်းခဲ့ သည့် (ဦးလေး) ဆရာသာဉာဏ် (ရန်ကင်း)၊ အချိန်မအားလပ်သည့်ကြားမှ အင်တာဗျူးများ ဖြေပေးခဲ့ သည့် (ဘဘ)သူရဦးတင်ဦး၊ ဦးတင်ဦးနှင့်တွေ့ဆုံရန် အထူးကူညီခဲ့သည့် ဆရာမုံရွာအောင်ရှင်၊ ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း စာအုပ်နှင့် ပတ်သတ်၍ (ဘဘ)သူရဦးတင်ဦး အကြောင်းတစေ့တစောင်း ပြန်လည်ပြောပြခဲ့ကြသည့် ဆရာကြီးမင်းယုဝေ၊ ဗိုလ်မှူးကြီး(ငြိမ်း) သီဟသူရဦးစိုးသိမ်း၊ ဗိုလ်မှူးကြီး(ငြိမ်း)ဦးစိုးလွင်၊ အပတ်စဉ်(၃၉)တပ်ကြပ်ကြီးစာရေး အငြိမ်းစား ဦးရွှေသိန်း၊ (ဘဘ) သူရဦးတင်ဦးနှင့် အင်တာဗျူးရာတွင် ကျွန်တော်နှင့်အတူ လိုက်ပါကူညီပေးခဲ့ သည့် ကိုအေးအောင်၊ အသံဖိုင်အချို့အား ကူညီပေးသည့် ညီငယ်စောဖိုးခွားတို့ကို ကျေးဇူးတင်ရှိပါ သည်။ ထို့အပြင် စာပေလောက၊ နိုင်ငံရေးလောကအတွက် လိုအပ်နေသည့် ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း စာအုပ်ကို စာဖတ်ပရိတ်သိတ်လက်ထဲ အရောက်ပို့ဆောင်ပေးသည့် မဇ္ဈိမစာပေကို အထူးပင်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဖော်ပြပါသည်။ ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း စာအုပ်နှင့်ပတ်သတ်၍ တစ်စုံတစ်ရာ လွဲချော်မှားယွင်းခဲ့သည်ရှိသော် ကျွန်တော်၏ ညံ့ဖျင်းမှုသာ ဖြစ်ပါကြောင်း ဝန်ခံစကား ဆိုအပ်ပါသည်။

**ဖိုးစိုင်း (ဂျာနယ်လစ်)**

**၂၀၁၄၊ ဇူလိုင် ၇ ရက်**

*

## ပြည်သူချစ်သောကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင်ဦး ဖြတ်သန်းခဲ့သော ဘဝရက်စွဲများ

- ၁၉၂၇ ခုနှစ် မတ်လ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် သူရဦးတင်ဦး ကို မွေးဖွားခဲ့သည်။ ပုသိမ်မြို့ဗဟိုအမျိုးသား အထက်တန်းကျောင်း၌ ဆယ်တန်း အောင်သည်အထိပညာသင်ကြားခဲ့သည်။

- ၁၉၃၆-၁၉၃၈ ခုနှစ် တစ်နိုင်ငံလုံးကျောင်းသားသပိတ်ဖြစ်သည့်အချိန် ပုသိမ်မြို့ ဗဟိုအမျိုး သား အထက်တန်းကျောင်း၌ ပညာသင်ကြားနေစဉ် ကျောင်းမှပြုလုပ်သော စီတန်းလှည့်လည် ဆန္ဒပြ ပွဲများတွင် ကျောင်းမှဦးစီးဖွဲ့သည့် ပင်နီလူငယ်တပ်ဖွဲ့တွင် ပါဝင်လှုပ်ရှားခဲ့သည်။

- ၁၉၄၂ ခုနှစ်တွင် အထက်တန်းပညာကို သင်ကြားနေစဉ် ဂျပန်ဘာသာပါလေ့လာသင်ယူပြီး ပုသိမ်မြို့ဂျပန်အုပ်ချုပ်ရေးရုံး၌ ဂျပန်စကားပြန်အလုပ်ကို နှစ်လခန့်လုပ်ကိုင်ကာ မိခင်ကိုင်ကာ မိခင်ဖြစ်သူအား တစ်ဖက် တစ်လမ်းမှ ဝင်ငွေရှာဖွေပေးခဲ့သည်။ ထို့နောက် စကားပြန်အလုပ်ကို မနှစ်မြို့၍ ပင်ကို အမျိုးသားရေးစိတ်ကြောင့်ပင် မိခင်ဖြစ်သူအား အကျိုးအကြောင်းပြောကာ ကိုရင် (သာမဏေ) ဝတ်ပြီးနောက် လူထွက်၍ တပ်မတော်ထဲသို့ဝင်ရန် ဆုံးဖြတ်ခဲ့သည်။

- ၁၉၄၃ ခုနှစ် နှစ်ကုန်ခန့်တွင် သူရဦးတင်ဦးသည် အသက်၁၆နှစ်ပြည့် အပြီး စစ်ထဲဝင်ရန် အတွက် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ထို့နောက် ဗဟိုကင်းတပ် (ယခုပဒုမ္မာကွင်း) တွင်ရှိသည့် ဗမာ့ကာကွယ်ရေးတပ်မတော် (BADA) တွင် တပ်သားအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

- ၁၉၄၄ ခုနှစ် အသက်(၁၇) အရွယ်တွင် အင်္ဂလိပ်စစ်တန်းလျားဟောင်း (ယခု ရန်ကုန် တိုင်းလွှတ်တော်)နေရတွင် ဗမာ့တပ်မတော် အချက်ပြတပ်ရင်း၌ ဆက်သွယ်ရေး ပညာသင်ကြားခဲ့ သည်။ အချက်ပြလေ့ကျင့်ရေးတပ်ရင်းတွင် သင်တန်းတက်နေစဉ် မင်္ဂလာဒုံ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်တက္ကသိုလ် တတိယအပတ်စစ်သင်တန်း (Third Batch Officer Training School) ၌ ဗိုလ်လောင်းသင်တန်းတက်ခွင့်ရခဲ့သည်။ ယင်းနှစ် နိုဝင်ဘာလ ၁၀ ရက်တွင် တတိယအပတ် ဗိုလ်သင်းတန်းဆင်းပြီး ဗမာ့ကာကွယ်ရေး တပ်မတော် (BDA)တွင် အလုပ်သင် ပြန်တမ်းဝင်အရာရှိ အဖြစ် ရာထူးခန့်အပ်ခြင်းခံရသည်။ ဖက်ဆစ်တော်လှန်ရေးတပ်မတော် ပြန်လည်ဖွဲ့စည်းပေးမည့် အစီအစဉ်အရ မျိုးချစ်ဗမာ့တပ်မတော် ဖျက်သိမ်းသည့်အခါ ဇာတိရွာ ပုသိမ်မြို့နယ်၊ ရေကျော်သရက် ကွင်းရွာသို့ ပြန်လာခဲ့သည်။

- ၁၉၄၆ ခုနှစ်တွင် ကန္ဒီစာချုပ်အရ တပ်ပြန်လည်ဖွဲ့စည်းသည့်အခါ ကန္ဒီစာချုပ်အရ ရွေးချယ်ခန့်ထားသည် သတင်းကြား၍ ပြန်တမ်းဝင်အရာရှိအဖြစ် (သို့မဟုတ်) အင်္ဂလိပ်ဘုရင့်စစ်တက္က သိုလ်တွင် ဗိုလ်လောင်းအဖြစ် ကျောင်းတတ်ရန်ထောက်ခံထားသည်ကိုသိပြီး လျှောက်ထားခဲ့ရာ အရာရှိပေါင်း ၁၅၀ ခန့်အပ်ရာတွင် နောက်ဆုံး ၁၅၀ စာရင်းဖြင့်ပါရှိခဲ့သည်။ အသစ်ပြန်လည်ဖွဲ့စည်း လိုက်သော တပ်မတော်တွင် (ကြည်း/၃၆၅၁) ဒုတိယဗိုလ်အဆင့် (Second Lieutenant) ပြန်တမ်းဝင် အရာရှိ အဖြစ်စတင်ခန့်အပ်ခံရသည်။ ထို့နောက် ဗြိတိသျှစစ်တပ်မှ အရာရှိများသင်ကြားသည့် အရာရှိ အခြေခံစစ်ပညာသင်တန်း တက်ရောက်ခွင့် ရရှိခဲ့သည်။

- ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဗမာ့သေနတ်ကိုင်တပ်ရင်း (၁)၌ ဒုဗိုလ်အဖြစ် စစ်တာဝန်ထမ်းဆောင်ခဲ့သည်။

- ၁၉၄၇ နိုဝင်ဘာမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလလယ်အထိ စက်ာပူနိုင်ငံရှိ

ဗြိတိသျှအရှေ့ဖျား တပ်များဆိုင်ရာ ဌာနချုပ်မှ ဦးစီးဖွင့်လှစ်သည့် တပ်မှူးငယ် တာဝန်သင်တန်းတွင် တက်ရောက်ခဲ့သည်။

- ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် လက်နတ်ကိုင်တပ်များ လေ့ကျင့်ရေးတပ်ရင်းမှူးရုံး၌ ဗိုလ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ် (နမခ) တိုင်မှူး၊ ဗိုလ်မှူးကြီးဗထူးဦးစီးသည့် တပ်တွင် စစ်မြေပြင်တာဝန်ထမ်းဆောင်ရင်း ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။

- ၁၉၄၉ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ဗမာသေနတ်ကိုင်တပ်ရင်း (၁)၌ တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

- ၁၉၅၄-၁၉၅၅ ခုနှစ်တွင်
တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ထိုးစစ်ဆင်တိုင်ခိုက် မှုကြောင့် မြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်လာခဲ့သည့် တရုတ်ဖြူ(ကူမင်တန်) တပ်များကို ရှုပ်ရှုပ်ချုံ ချုံ တွန်းလှန်တိုက်ခိုက်ခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော်(ကွယ်လွန်) ဦးစီးသော ရန်ကြီးအောင် စစ်ဆင်ရေးတွင် ထိုင်းနယ်စပ်ရှိ ပေ ၇၀၀၀ မြင့်သော လွယ်တွမ်ကြီး တရုတ်ဖြူ (ကူမင်တန်)စခန်းသို့ တက်တိုက်ပြီး ပြည်ထောင်စုနိုင်ငံတော်အလံကို ခဲရာခဲဆစ် စိုက်ထူနိုင်ခဲ့သည်။ ယင်းသို့ တိုက်ထုတ်နိုင်မှုကြောင့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက စိုက်ထူနိုင်ခဲ့ သည်။ ယင်းသို့ တိုက်ထုတ်နိုင်မှုကြောင့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက ဦးတင်ဦးအား သီဟသူရဘွဲ့ ပေးအပ်ရန် ထောက်ခံအဆိုပြုခဲ့သော်လည်း သူရဘွဲ့သာ ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

- ၁၉၅၄-၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင်
ဒုဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့်ခြင်းခံခဲ့ရ သည်။

- ၁၉၅၆ ခုနှစ်တွင် ရှည်းပြည်၊ တောင်ကြီး၊ လွမ်လင်မြို့၌ သူရဦးတင်ဦးသည် တပ်ရင်းမှူးအဖြစ်တာဝန်ကျသည်။

- ၁၉၅၇ စက်တင်ဘာ ၁၇ ရက်နေ့တွင် တပ်မတော်ကြည်း ဗိုလ်သင်တန်းကျောင်း(ဗထူး) ကျောင်းသို့ ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့ခဲ့ရသည်။

- ၁၉၅၈ ခုနှစ်တွင် ရခိုင်းတိုင်းတပ်ပေါင်းစုမှူးနှင့် ယခင်ရခိုင်တိုင်း (ယခု ရခိုင်ပြည်နယ်တွင် တရားမဲ့ဝင်ရောက်နေထိုင်သည့် ဘင်္ဂါလီများနှင်ထုတ်ခြင်းဖြင့် မိမိနိုင်ငံအချုပ်အခြာ နယ်နိမိတ်ကို ပြင်းထန်စွာ ကာကွယ်စောင့်ရှောက်ခဲ့သည်။ စစ်ဆင်ရေးများပြုရင်း တစ်ဖက်အရှေ့ပါကစ္စတန် (ယခုဘင်္ဂါလားဒေ့ရှ်နိုင်ငံနယ်နိမိတ် အငြင်းပွားရင်း လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲများဆင်နွှဲ၍ အောင်ပွဲရခဲ့သည်။ ယင်းနယ်နိမိတ်ကို နှစ်နိုင်ငံတိုင်းထွာအတည်ပြုရင်း ကျေးကျွန်များအားလုံး ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် အသိအမှတ်ပြု လက်မှတ်ထိုးလျက် ရခိုင်ပြည်နယ်စပ်တစ် လျှောက်လုံး မြန်မာပိုင်နက်အဖြစ် အသိအမှတ်ပြုသည်အထိ ဆောင်ရွက်ခဲ့သည်။

- ၁၉၅၉ ခုနှစ် နိုင်ဝင်ဘာလ ၁၅ ရက်နေ့တွင် ဇနီးဖြစ်သူဒေါက်တာတင်မိုးဝေနှင့် အိမ်ထောင်ကျသည်။

- ၁၉၆၀-၁၉၆၁ ခုနှစ်တွင်အမှတ် (၁၃) တပ်မဟာမှူးအဖြစ် ထပ်မံပြောင်းရွှေ့ တာဝန်ထမ်း ဆောင်ခဲ့ရကာ ဗိုလ်မှူးကြီးရာထူးသို့ တိုးမြင့်ခြင်း ခံရသည်။

- ၁၉၆၂ ခုနှစ် ဦးနေဝင်းအစိုးရက အာဏာသိမ်းသည့် မတ်လ ၂ ရက်နေ့တွင် သူရဦးတင်ဦး သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိုင်းမှူးအဖြစ် မော်လမြိုင်တွင် တာဝန်ကျနေသည်။

- ၁၉၆၃ ခုနှစ် မတ်လ ၁၄ ရက်နေ့မှ စက်တင်ဘာလ ၁၈ ရက်နေ့အထိ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတာဝန်ဖြင့် ရာထူးတိုးမြှင့်ပေးအပ်ခြင်း ခံရသည်။

- ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း ခံရသည်။ ယင်းနှစ်တွင် သူရဦးတင်ဦးအား ကြေညာချက်အမှတ် (၅၉)ဖြင့် တော်လှန်ရေးကောင်စီက တော်လှန်ရေးကောင်စီဝင် အဖြစ်ခန့်အပ်ခဲ့သည်။ ထို့နောက် စက်တင်ဘာလ ၂၈ ရက်နေ့တွင် တော်လှန်ရေးကောင်စီဝင် သူရဦးတင်ဦးသည် မြန်မာအဖွဲ့ကို ဦးဆောင်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၁၅) နှစ်ပြည့်ပွဲသို့တက်ရောက်ခဲ့သည်။ အဆိုပါပွဲတော်တွင် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌမော်စီတုန်းနှင့် တွေ့ဆုံခဲ့သည်။

- ၁၉၆၆ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌဦးနေဝင်းနှင့်အတူ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ စသည့် နိုင်ငံများသို့သွားရောက်ခဲ့သည်။ ယင်းခရီးစဉ်တွင် ကုလသဂ္ဂအထွေထွေအတွင်းရေး မှူးချုပ် ဦးသန့်နှင့်တွေ့ဆုံခွင့်ရခဲ့သည်။

- ၁၉၆၇ ခုနှစ် တရုတ်-ဗမာအရေးအခင်းဖြစ်ပွားချိန်တွင် သူရဦးတင်ဦးသည် ပဲခူးတိုင်းတိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် တာဝန်ယူနေချိန်ဖြစ်သည်။

- ၁၉၇၂ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခံရပြီး ဒုတိယကာကွယ် ရေးဦးစီးချုပ် (ကြည်း) အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ စစ်တပ်၏ အရေးပါဆုံး ထိပ်ပိုင်းရာထူးဖြစ် သည့် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) အဖြစ်တာဝန်ပေးအပ်ခြင်းခံရသည်။

- ၁၉၇၄ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၁၉၇၆ ခုနှစ် မတ်လ ၆ရက်နေ့အထိ ကာကွယ်ရေးဦးစီးချုပ် နှင့် ကွာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော် ပထမအကြိမ်အစည်းအဝေးမှ သူရဦးတင်ဦးကို ဗိုလ်ချုပ်ကြီးရာထူးဖြင့် ကာကွယ်ရေးဦးစီးချုပ်ရာထူး ပေးအပ်ခဲ့သည်။ တပ်မတော်၏ ထိပ်ပိုင်းအကြီးဆုံးရာထူးကို ရရှိချိန် သူရဦးတင်ဦး၏ အသက်သည် (၄၇) နှစ်သာ ရှိသေးသည်။

- ၁၉၇၄ ခုနှစ် ကုသလမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်စျာပနအရေးအခင်း၊ အလုပ်သမား အရေးအခင်းများတွင် ပြည်သူလူထု အထိအခိုက်နည်းအောင် ဆောင်ရွက်ခဲ့သဖြင့် ပြည်သူလူထု၏ ကြည်ညိုလေးစားမှုကို ရရှိခဲ့သည်။

- ၁၉၇၆ ခုနှစ် မတ်လတွင် သူရဦးတင်ဦးသည် ကာကွယ်ရေးဦးစီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ သည်။ ထိုအချိန်တွင် သူရဦးတင်ဦး၏ သားဖြစ်သူ မောင်ထွန်းနိုင်ဦး နှလုံးရောဂါဖြင့် ကွယ်လွန်ပြီး ရက်ပိုင်းမျှသာ ရှိသေးချိန်ဖြစ်သည်။

- ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဗိုလ်ကြီးအုန်းကျော်မြင့်၏ နိုင်ငံတော်ပုန်ကန်မှု၊ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီအား ဖျက်ဆီးရန်ကြံစည်မှုများတွင် သတင်းထိမ်ချန်မှုနှင့်ပတ်သက်၍ အင်းစိန်မြို့အကျဉ်းထောင်အနီးရှိ အထူးတရားရုံး၌ ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့က သူရဦးတင်ဦးကို ပြစ်ဒဏ် ခုနစ်နှစ်ချမှတ်လိုက်သည်။

- ၁၉၈၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေး အထိမ်းအမှတ်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သည်။ ထောင်မှလွတ်လာပြီးနောက် တစ်နေ့ ဇွန်လတွင်

သာသနာ့ဘောင် သို့ဝင်ရောက်ပြီး ဝိပဿနာတရား အားထုတ်ခဲ့ရာ နှစ်နှစ်ခန့် ကြာမြင့်ခဲ့သည်။ ရဟန်းဘဝဖြင့် ဆွမ်းခံ ကြွစဉ် ကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင်ဦးဟု သိသွားသည့် စစ်ဘက်အရာရှိကြီးအချို့က ကြောက်လန့်ကာ ကန်တော့ဆွမ်းဟုဆိုကာ ဆွမ်းမရခဲ့သည့်အဖြစ်နှင့် ဂမ်းနည်းဖွယ်ကြုံတွေ့ခဲ့ရသည်။

- ၁၉၈၂ ခုနှစ်တွင် သာသနာ့ဘောင်မှထွက်ကာ ဥပဒေပညာကို လေ့လာသင်ယူဆည်းပူးခဲ့သည်။

- ၁၉၈၄ - ၁၉၈၆ ခုနှစ်များအတွင်း ဥပဒေမှတ်ပုံတင်လက်မှတ် Register Law(R.L) နှင့် ဥပဒေပညာဘွဲ့ (LL.B)ကိုရရှိခဲ့သည်။

- ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ရက် လူထုအရေးတော်ပုံကြီးဖြစ်ပွားချိန်တွင် တပ်မှူးဟောင်းကြီး များ ပါဝင်သည့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ဩဂုတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဆောင်ဆန်းလမ်း၊ အထွေထွေရောဂါကု ဆေးရုံကြီး၊ အရေးပေါ်ဌာနရှေ့၌ ဒီမိုကရေစီရရှိရေးနှင့် စစ်အာဏာရှင်စနစ်၏ ဆိုးကျိုးများကို ဆန္ဒပြနေသော ပြည်သူလူထုကြီးအား စည်းရုံးဟောပြောခဲ့ရာ ပြည်သူလူထု၏ ထောက်ခံအားပေးမှုကို ရရှိခဲ့သည်။ အဆိုပါ လူထုစည်းရုံးဟောပြောပွဲမှ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ ဒုတိယအကြိမ်ပြန်လည် ရောက်ရှိလာခဲ့တော့သည်။ ဩဂုတ်လ ၂၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ဂကုံပဘာ လမ်း အမှတ်(၁၀)နေအိမ်တွင် အဖွဲ့ဝင် ၂၁ ဦးဖြင့်ဖွဲ့စည်းခဲ့သည့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ)တွင် အထွေထွေအတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့သည်။ အဆိုပါ အဖွဲ့မှ စက်တင်ဘာလ ၁၀ ရက်နေ့တွင်နုတ်ထွက်ခဲ့သည်။ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ၂၇ ရက်နေ့တွင် တရားဝင်မှတ်ပုံတင်ခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် (ဥက္ကဋ္ဌဦးအောင်ကြီး နုတ်ထွက်သွားသဖြင့်) သူရဦးတင်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

- ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)ဖြင့် သူရဦးတင်ဦးအား နေအိမ်အကျယ်ချုပ်ချခဲ့သည်။ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အထူးစစ်ခုံရုံးအမှတ်(၅)မှ အလုပ်နှင့်ထောင် ဒဏ်သုံးနှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်ပြည့်ခါနီး နောက်ထပ်စစ်ခုံရုံး အတင်ခံရပြီး စွဲဆိုခဲ့သည့် စွဲချက်များအတိုင်း ဒုတိယအကြိမ် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်ခြင်းခံခဲ့ရသည်။ ယင်း ပြစ်ဒဏ်ကြောင့် မခံချင်စိတ်ဖြင့် သူရဦးတင်ဦး တပ်မတော်ကိုငါချစ်တယ်၊ ဒါပေမဲ့ တပ်မတော်ထက် ပြည်သူကိုပိုချစ်တယ် ဟုလွှို့ပုက်စစ်ခုံရုံး၏ စစ်တပ်အရာရှိများကိုပြောခဲ့သည်။

-၁၉၉၅ ခုနှစ်တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်လာခဲ့သည်။ ယင်းနှစ်အောက်တိုဘာလ ၉ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည့် အမျိုးသားဒီမိုကလေစီအဖွဲ့ချုပ် (NLD) ပါတီတွင် ဒုဥက္ကဋ္ဌအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့သည်။

- ၁၉၉၆ ခုနှစ် ဇွန်လထဲတွင် ဒေါ်အောင်ဆန်းစုကြည်အိမ်၌ ပြုလုပ်သော လူငယ်စာဖတ်ဝိုင်းသို့ လာသည့် လူငယ်များကို အာဏာပိုင်များက တားဆီးပိတ်ဆို့ခဲ့ရာ သူရဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစု ကြည်တို့က သွားရောက်ဖျန်ဖြေရာ အာဏာပိုင်များက ပြင်းပြင်းထန်ထန် ဝိုင်းဝန်းရိုက်နှက်သည့် ရိုက်ပွဲနှင့်ကြုံခဲ့ရသည်။ ယင်းနေ့တစ်ညလုံး တက္ကသိုလ်ရိပ်သာလမ်းမပေါ်တွင် သူရဦးတင်ဦးသည် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မိုးရွာကြီးထဲ၌ ညလုံးပေါက်နေခဲ့ရသည်။

- ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌသခင်စိုးမြင့်၊ ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ဝင် ဒေါက်တာမျိုးအောင်နှင့် အဖွဲ့ချုပ်လူငယ် ၁၆ ဦး၊

ယာဉ်မောင်းနှစ်ဦး တို့နှင့်အတူ ကော့မှူးမြို့နှင့် ကွမ်းခြံကုန်းမြို့များသို့ ပါတီစည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ရန် အသွား ဒလမြို့အထွက်တွင် အာဏာပိုင်များ၏ တားမြစ်ပိတ်ဆို့ဟန်တားခြင်းကို ခံရပြန်သည်။ ယင်းနောက် စက်တင်ဘာလ ၁ ရက်နေ့ ညဉ့်နက်သန်းခေါင်းတွင် အတင်းအဓမ္မ ချုပ်နှောင်ဖမ်းဆီးပြီး နေအိမ်သို့ ပြန်ပို့ခဲ့ရကာ နေအိမ်အကျယ်ကျုပ်ဖြင့် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ ၁၄ ရက်နေ့ အထိနေခဲ့ရသည်။

- ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မန္တလေးမြို့သို့ မီးရထားဖြင့်ခရီးသွားစဉ် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိချိန် အာဏာပိုင်များက ဟန့်တာပြီး ဖမ်းဆီးချုပ်နှောင်၍ ရဲမွန်တပ်စခန်းတွင် အထိန်းအသိမ်းခံခဲ့ရသည်။ တစ်လကြာပြီးနောက် နေအိမ်သို့ပို့ဆောင်ကာ အိမ်အကျယ်ချုပ် ကျခံရသည်။

- ၂၀၀၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ ညနေပိုင်းတွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ လွတ်လာသည်နှင့် အဖွဲ့ချုပ်မြို့နယ်ရုံးများတွင် အလံတင်ခြင်းနှင့် ရုံးခန်းဖွင့်လှစ်နိုင်ရေး ပြန်လည်ကြိုး စားတည်ဆောက်ခဲ့သည်။

- ၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြန်နယ်စည်းရုံးရေးခရီး စဉ်အတွင်းလိုက်ပါခဲ့ပြီး ဒီပဲယင်းမြို့အနီး၌ အာဏာပိုင်များ၏ ကြိုတင်ကြံစည်ထားသော လုပ်ကြံမှုဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ယင်းလုပ်ကြံမှုတွင် သူရဦးတင်ဦးသည် အသက်ဘေးမှ ပွတ်ကာသီကာ လွတ်မြောက်လာခဲ့သည်။ ထို့နောက် နအဖစစ်အစိုးရ သူရဦးတင်ဦးကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ထောင်သို့ ပို့ဆောင်ကာရှစ်လ အကျဉ်းချခဲ့သည်။

- ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် နေအိမ်သို့ပို့ပြီး နေအိမ်အကျယ်ချုပ် ကျခံခဲ့ရ ပြန်သည်။

- ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် လွတ်ရက်စေ့ခဲ့သော်လည်း တစ်နှစ်ထပ်မံတိုး ကာ နေအိမ်အကျယ်ချုပ်ချခံရပြန်သည်။

- နှစ်စဉ် နိုင်ငံတော်နှောင့်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှကာကွယ်သည့် ဥပဒေ ၁၀(ခ)နှင့် တစ်နှစ်စီ နှစ်တိုးချခံခဲ့ရသည်။

- ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ည ၈ နာရီခွဲတွင်နေအိမ်အကျယ်ချုပ်မှ ပြန်လည် လွတ်မြောက်လာခဲ့ပြီး နောက်တစ်နေ့တွင် ရွှေတိဂုံစေတီအား ဖူးမြော်ကြည်ညိုပြီး အဖွဲ့ချုပ်ရုံးရှေ့ရှိ ပါတီအလံအား အလေးပြုကာ ယနေ့အချိန်အထိ ပါတီ တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲ အတွက် မဲဆွဲစည်းရုံးရေးများကို ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ လိုက်ပါ ဟောပြောခဲ့သည်။ အသက် (၈၇)နှစ်ရှိပြီဖြစ်သည့် သူရဦးတင်ဦးသည် အမျိုးသားဒီမိုကရေစီကနေအဖွဲ့ချုပ်တွင် ပါတီနာယကအဖြစ် ပါတီလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ပုဒ်မ ၄၃၆ ပြင်ဆင်ရေးနှင့် ပတ်သက်၍ မြန်မာပြည်အနှံ့ လိုက်လံဟောပြောလျက်ရှိသည်။ ယခုလက်ရှိတွင် သူရဦးတင်ဦးသည် ဇနီးဖြစ်သူ ဒေါက်တာတင်မိုး ဝေနှင့် အတူ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရက်ကွက် ဇောမိရိပ်သာလမ်းတွင် နေထိုင်လျက်ရှိသည်။

**ဖိုးစိုင်း (ဂျာနယ်လစ်)**

**ရေးသားပြုစုသည်။**

*